**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၂၆)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၃၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၃.၃၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာဗွေးနိုင်၊ ဧရာဝတီ(၇)၊ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ မိတ်ဆက်ခြင်း အခမ်းအနားတက်ရောက်ရန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာထွန်းလွင်၊ ကချင်(၉)၊ ၎င်းအတိုင်း။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ၎င်းအတိုင်း။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ၎င်းအတိုင်း။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးစံထွန်း၊ ကချင်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ဖွဲ့စည်းပုံအခြေခံဥပဒေအစည်းအဝေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ Work Shop။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၈၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီး ဌာန(၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူး - စစ်တောင်း တူးမြောင်းနှင့်အတူ ပေါ်ပေါက်လာသော မိုးယွန်းကြီးအင်းနှင့် ဘေးမဲ့တောတို့၏ ဂေဟစနစ်များ ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြုပြင်မည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ပဲခူးတိုင်းဒေသကြီး၊ ပဲခူး-စစ်တောင်း တူးမြောင်းနှင့်အတူ ပေါ်ပေါက်လာသော မိုးယွန်းကြီးအင်းနှင့် ဘေးမဲ့တောတို့၏ ဂေဟစနစ်များ ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြုပြင်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး စိတ္တသုခ၊ ကာယသုခ၊ သုခအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူး-စစ်တောင်း တူးမြောင်းနှင့်အတူ ပေါ်ပေါက်လာတဲ့ မိုးယွန်းကြီးအင်းနဲ့ ဘေးမဲ့တောတို့ရဲ့ဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေရန် ပြန်လည်ပြုပြင်မယ့် အစီအစဉ်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အထင်ကရအင်းကြီးတွေဖြစ်တဲ့ အင်းတော်ကြီး၊ အင်းလေးကန်၊ တောင်သမန်အင်းတွေအပြင်ကို မိုးယွန်းကြီးအင်းလည်း ပါဝင်ပါတယ်။ မိုးယွန်းကြီးအင်းဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းရဲ့ အရှေ့ဘက်၊ မိုင်တိုင်အမှတ်(၆၃)နဲ့ (၇၀)အကြားမှာ တည်ရှိပါတယ်။ ပဲခူး-စစ်တောင်းတူးမြောင်းနဲ့အတူ ၁၈၇၈ ခုနှစ်မှာ တည်ဆောက်ပြီးစီးတဲ့ တစ်ဘက်ရပ်ဆည်ကန် ဖြစ်ပါတယ်။ မိုးယွန်းကြီးအင်းဟာ အလျား(၁၆.၅)မိုင်၊ အမြင့်(၁၀)ပေ၊ ကန်ပေါင်အကျယ်(၈)ပေ၊ ကန်ရေပြည့်အနက် (၁၆.၇)ပေ၊ ရေပြင် အကျယ်ဧရိယာ (၄၀)စတုရန်းမိုင်၊ (၂၅၆၀၀)ဧက ရှိပါတယ်။ ပဲခူးမြို့နယ်မှာ (၁၃၅၄၂)ဧကနဲ့ ဝေါမြို့နယ်မှာ (၁၂၀၈၅)ဧက အသုံးပြုနိုင်တဲ့ ရေလှောင်ပမာဏဧက (၁၂၀၀၀၀)ရှိပါတယ်။ ရေထုတ်တံခါး(၂)ခုကို ထည့်သွင်း တည်ဆောက်ထားပြီးတော့ ရေဘေးကာကွယ်နိုင်တဲ့ ဧရိယာကတော့ (၁၀၄၈)ဧက ဖြစ်ပါတယ်။ ဒီမိုးယွန်းကြီးအင်းအတွင်းကို ရေဝင်ရောက်တဲ့ ချောင်းတွေကတော့ ဆင်စု၊ ဘုရားလေး၊ ဦးကောက်၊ ရွာသစ်၊ ဝမ်းဘဲအင်း၊ ရေတာ ရှည်နဲ့ ပျဉ်ပုံစတဲ့ ချောင်းတွေဖြစ်ပါတယ်။ အင်းအတွင်း ရေတိမ်ပိုင်းတွေမှာ နွေစပါး (မုရင်း) စပါးကို စိုက်ပျိုးပါတယ်။ ပဲခူး-စစ်တောင်း တူးမြောင်းတစ်လျှောက်ရှိ တချို့နေရာတွေမှာလည်း ရေစုပ်စက်နဲ့ ရေတင်ပြီးတော့ နွေစပါးကို စိုက်ပျိုးကြပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ်မှာ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်နဲ့ သနပ်ပင်မြို့နယ်တို့မှာ နွေစပါးစိုက်ဧက (၃၀၀၀၀)ခန့်အထိဖြစ်ပါတယ်။ ဒီမိုးယွန်းကြီးအင်းဟာ (Ramsar Convention)ရဲ့ သတ်မှတ်ထားတဲ့ အပြည်ပြည်ဆိုင်ရာ အရေးကြီးတဲ့ ရေတိမ်ဒေသများစာရင်း List of Wetland International Importance မှာ ပါဝင်ပါတယ်။ မိုးယွန်းကြီးဘေးမဲ့တောမှာ ပျံ့နှံ့ကျက်စားတဲ့ ရေပျော်ငှက်တွေ

ကတော့ ဌာနေငှက်က (၂၇)မျိုး၊ ဆောင်းခိုငှက်က (၃၈)မျိုး၊ ကျွန်တော်တို့ ရုရှား တို့၊ ဆိုက်ဗေးရီးယား တို့က လာတာဖြစ်ပါတယ်။ ကုန်းနေငှက်တွေကတော့ ဌာနေငှက် (၃၂)မျိုး၊ ဆောင်းခိုငှက်(၂၈)မျိုး ရှိပြီးတော့ ငှက်မျိုးစိတ်ပေါင်း (၁၂၅)မျိုး ရှိပါတယ်။ ဒါ့အပြင် ငါးမျိုးစိတ်ပေါင်း (၄၆)မျိုး၊ လိပ်ပြာ မျိုးစိတ်ပေါင်း (၃၃)မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်(၈)မျိုး၊ တွားသွားသတ္တဝါမျိုးစိတ်(၂၀)၊ ရေနေပင်မျိုးစိတ် (၄၉)မျိုး ရှိတဲ့ သဘာဝအခြေခံလုပ်ငန်း Eco-Tourismsite တစ်ခုလည်း ဖြစ်ပါတယ်။

ဒီ မိုးယွန်းကြီးအင်းဟာ ငါး၊ ပုစွန်တွေ အလွန်ပေါများပါတယ်။ ဒါ့ကြောင့် ပြင်ပုံကြီးကျေးရွာ၊ ငါးခြောက်လုပ်ငန်း အင်မတန်နာမည်ကြီးပါတယ်။ (One Village One product)ဆိုတဲ့ စကား အတိုင်းဖြစ်ပါတယ်။ သက်တမ်း(၁၃၆)နှစ် ရှိပြီဖြစ်တဲ့ ဒီ မိုးယွန်းကြီးအင်းဟာ ရေဝင်ချောင်းတွေကနေ စီးဝင်လာတဲ့ ရေတွေနဲ့အတူ သဲနုန်းတွေ ပါဝင်လာပါတယ်။ ဒါကြောင့် တစ်ဖြည်းဖြည်း တိမ်ကောပြီး တော့ ရေပြင်ကျယ် ဧရိယာလည်း တဖြည်းဖြည်းနဲ့ လျော့နည်းလာနိုင်ပါတယ်။ ဒီရေဝင်ချောင်းတွေရဲ့ သင့်တော်တဲ့ နေရာမှာ သဲနုန်းဖမ်း အဆောက်အအုံတွေကို ထည့်သွင်းပြီးတော့ တည်ဆောက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်းလေးကန်ဆိုရင်လည်း ဒါမူလက ကျွန်တော်တို့ (၁၀၄) စတုရန်း မိုင်ရှိပေမယ့် အခုအချိန်မှာ (၆၃)စတုရန်းမိုင်ပဲ ကျန်ပါတယ်။ နွေအခါမှာဆိုရင် (၄၀)စတုရန်းမိုင် ရှိတဲ့ အတွက် ကျွန်တော်တို့ မိုးယွန်းကြီးအင်းလောက်ပဲ နွေအခါမှာ အင်းလေးကန်နဲ့က အတူတူလောက်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်က တောင်သမန်ကို ကျွန်တော်တို့ သွားတဲ့အခါမှာ နွေ၊ မိုး၊ ဆောင်း ဥတုပေါ့နော်၊ သုံးရာသီလုံး အလှအပတွေကို ခံစားနိုင်ပါတယ်။ နွေရာသီမှာတော့ ဧက(၈၀)လောက် ရေပြင်ကျယ်ရှိပြီးတော့ ယခုအခါမှာတော့ အချိန်မရွေး ဧက ထောင်ကျော် ရေပြည့်နေတာကို တွေ့ရပါ တယ်။ ဒီ တောင်သမန်းကတော့ ဦးပိန်တံတားကြောင့် ကမ္ဘာကျော်တာ ဖြစ်ပါတယ်။ ဒီ နန်းတော် ဟောင်း၊ အိမ်တော်ဟောင်းတွေကနေ ကျွန်းတိုင်တွေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီ ကျွန်း တွေရဲ့ အသက်က နှစ်ပေါင်း(၁၀၀၀)ဖြစ်ပါတယ်။ သံရဲ့ အသက်ကတော့ နှစ်(၁၀၀)လို့ ကျွန်တော် တို့ ဆရာကြီးတွေပြောတာ ကြားဖူးပါတယ်။ ဒီ သံတွေဟာ Decay ဖြစ်တာ၊ သံချေးတက်တာဖြစ်လို့ ကျွန်တော်တို့ ဆေးသုတ်ပြုပြင်လို့ ရပါတယ်။ ဒီ ကျွန်းသစ်ကတော့ သက်တမ်း နှစ်(၁၀၀၀)လို့ ဆိုပါ တယ်။ အခုအခါမှာ အင်းရေဟာ အမြဲရှိနေတဲ့အတွက် ဒီ တံတားကြီး ကြံ့ခိုင်မှုအတွက်က ဒီလိုရေအမြဲ ရှိခြင်းဟာ သင့်၊ မသင့်ဆိုတာတော့ ပြန်လည်စစ်ဆေးသုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီ တိုင်ထိပ် ခေါင်းတွေကိုလည်း စီးကရက်တွေ၊ ဆေးပေါ့လိပ်တွေ ပစ်ချခဲ့တဲ့အတွက် မကြာမီက ဒီတိုင်တွေ မီးလောင်သွားတာတွေကိုလည်း သတင်းစာတွေမှာ ဖတ်ရပါတယ်။ ဒါကြောင့် တိုင်ထိပ်ဖုံးတွေကို ရှေးတုန်းက မြန်မာဘုန်းကြီးကျောင်းတွေမှာ ကျွန်တော်တို့ သဲကျောက်နဲ့ တိုင်ဖုံးတွေ လုပ်သလို ကျွန်တော်တို့အုပ်ပေးသင့်တယ်လို့လည်း ယူဆပါတယ်။ ဒီတောင်သမန်ဟာ ကျွန်တော်တို့ အင်းဘဝတုန်းက ရေနေသတ္တဝါမျိုးစိတ်(၈၀)လောက် ရှိပေမယ့် အခုအခါမှာ ငါးမြစ်ချင်း၊ တီလားပီးယား တို့စတဲ့ မွေးမြူရေးငါး တွေကြောင့် ဒေသငါးမျိုးတွေလည်း ပျောက်ကွယ်သွားတယ်လို့သိရပါတယ်။

ကျွန်တော်တို့ တစ်ခါက ဆရာကြီးရွှေပြည်ဦးဘတင် နဲ့ ပဲခူးဦးစိန်ဝင်း၊ သူငွေးဦးစိန်ဝင်း တို့ စကားစပ်မိပါတယ်။ ကျွန်တော်တို့ အောက်ပြည်မှာ ငသန်ရှိသလားလို့မေးတော့မရှိပါဘူးလို့ ဖြေပါတယ်။

ဒါပေမယ့် ငါးကြင်း၊ ငါးသိုင်းတော့ ရှိသလားလို့မေးတော့ ငါးကြင်း၊ ငါးသိုင်းတော့ ရှိပါတယ်လို့ ဖြေပါတယ်။ ဆရာကြီးရွှေပြည်ဦးဘတင် ရဲ့ စကားအရကတော့ ကျွန်တော်တို့ (၃)လက်မလောက်ရှိတဲ့ ငါးလေးတွေကို ငါးသန်လို့ခေါ်ပါတယ်။ အဲဒီ့ ငါးသန် အဖြူနဲ့အမဲ (၂)မျိုးရှိပါတယ်။ ကျွန်တော်တို့ ဒီငါးလေးတွေဟာ (၇)လက်မလောက်၊ လက်တစ်ဝါးလောက်ရှိလာရင် အဖြူရောင်ငါးကနေပြီးတော့ ငါးလူးဖြစ်လာပါတယ်။ အမဲရောင် ငါးသန်ကတော့ ငါးလဲဆိုပြီးတော့ ပြောင်းလဲလာတာဖြစ်ပါတယ်။ တစ်ခါ ဒီငါးတွေ ကျွန်တော်တို့ တစ်ပေ၊ တစ်ပေခွဲလောက်၊ ကျွန်တော်တို့ တစ်တောင်လောက်ရတဲ့အခါမှာ ဒီငါးလူး ကနေပြီးတော့ ငါးကြင်းဆိုတာ ဖြစ်ပေါ်လာပြီးတော့၊ ငါးလဲကတော့ ကျွန်တော်တို့ ငါးသိုင်းဆိုပြီး ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒီလိုပေါ့နော်၊ ဒီလိုငါးတွေရဲ့ မူရင်းပြောင်းလဲမှုတွေ၊ ဒီမူရင်း ငါးမျိုးရင်းတွေကိုလည်း ပြန်လည်ပြုစုပျိုးထောင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ မိုးယွန်းကြီးအင်းပြုပြင်ရာမှာ အင်းအတွင်းမှာ ပေါက်ရောက်နေတဲ့ ရေမှော်ပင်တွေနဲ့ သောင်တူးလို့ထွက်လာတဲ့ မြေစာတွေကို သဘာဝမြေဩဇာ(Organic fertilizer) အဖြစ် ထုတ်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်ငန်းအတွက် အများကြီးအကျိုးရှိနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ပွင့်လင်းရာသီမှာ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း(၁၃၆)နှစ်ကျော်က (၅)နှစ်ကျော် အချိန်ယူပြီး ဆောက်ခဲ့ရတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းကို ယခုအခါမှာတော့ ရက်(၁၀၀)အတွင်း စက်ယန္တရားပေါင်း(၃၇၇)စီးနဲ့ အောင်မြင်စွာ တူးဖော်နိုင်တဲ့အတွက် ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားကိုများစွာအထောက်အကူပြုနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပဲခူး-စစ်တောင်းတူးမြောင်းနဲ့အတူ ပေါ်ပေါက်လာတဲ့ မိုးယွန်းကြီးအင်းနဲ့ ဘေးမဲ့တောတို့ရဲ့ ဂေဟစနစ်တွေ ပိုမိုကောင်းမွန်ဖို့အတွက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရေရှားပါးမှု အခက်အခဲများကို အထောက်အကူပြု ဆောင်ရွက်နိုင်မည့် တောင်ဖြူဆည်ကန်နှင့် လက်ဆည်ကန် ပြုပြင်မည့် လုပ်ငန်းများကို ပြည်ထောင်စု အစိုးရ ရန်ပုံငွေ သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရေရှားပါးမှု အခက်အခဲများကို အထောက်အကူပြု ဆောင်ရွက်နိုင်မည့် တောင်ဖြူဆည်ကန်နှင့် လက်ဆည်ကန်ပြုပြင်မည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဗိုလ်မှူးကြီးခင်စိုး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်

ကြည်း ၁၆၆၀၁ ဗိုလ်မှူးကြီး ခင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရေရှားပါးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေနဲ့ လွှတ်တော်နားတဲ့အချိန်မှာ မူလတာဝန်တွေကို ထမ်းဆောင်စဉ်မှာ ကျွန်တော်တို့ ဒေသအတွင်းမှာ မူလတာဝန်ထမ်းဆောင်ရင်း ဒေသတွင်းရောက်ရှိတဲ့အခါမှာ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကိုလည်း ကြည့်ရင်းနဲ့ ကျွန်တော်တို့ မြောက်ဦးမြို့ကို ရောက်ရှိတဲ့အခါမှာ ရေလိုအပ်ချက်တွေကို တွေ့ရှိတဲ့အတွက် ကြောင့်မို့လို့ ဒါ မေးမြန်းလေ့လာပြီးတော့မှ ဒါ အဆင့်ဆင့်ကို တင်ပြဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ပြည်သူလူထု၊ ဌာနဆိုင်ရာတွေရော အားလုံးအဆင်ပြေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေးမြန်းခြင်း ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ဟာ မြို့ပေါ်(၇)ရပ်ကွက်နဲ့ ဖွဲ့စည်းထားရှိပြီး တော့ အိမ်ခြေ(၆၀၀၀)ကျော်နဲ့ လူဦးရေ(၃၇၀၀၀)ရှိကြောင်း သိရှိရပါတယ်။ မြို့ပေါ် ရေပေးဝေရေးစနစ် အနေနဲ့ ဒါ မြို့ပေါ်(၆)ရပ်ကွက်၊ (၇)ရပ်ကွက်ရှိတဲ့နေရာမှာ တောင်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ ညောင်ပင် ဈေးရပ်ကွက်၊ လက်ကောက်ဈေးရပ်ကွက်နဲ့ အောင်တပ်ရပ်ကွက်၊ လော်ကမူရပ်ကွက် (၆)ရပ်ကွက် ကိုတော့ ကျွန်တော်တို့ လက်ဆည်ကန်ကနေလည်းကောင်း၊ ထမ္မရာဇ်ရပ်ကွက်ကိုတော့ တောင်ဖြူဆည် ကန်မှလည်းကောင်း ဖြန့်ဝေသုံးစွဲလျက်ရှိကြောင်းကို တွေ့ရှိရပါတယ်။ (၆)ရပ်ကွက်ကိုပေးတဲ့ လက်ဆည် ကန်ဟာဆိုလို့ရှိရင် မြေသားတာဘောင် (၂)ဘက်ပိတ်တမံ ဖြစ်ပြီးတော့ ရေဂါလန် သန်း(၂၀၀)ခန့် သိုလှောင်နိုင်ကြောင်းကိုလည်း သိရှိရပါတယ်။ ၎င်းရေကန်ဟာ မြင်းကောင်ရေ (၁၁၀)ရှိတဲ့ TE 11 စပါးခွံ ဓာတ်ငွေ့သုံး စက်အမျိုးအစား(၁)လုံးနဲ့ အမြင့်ပေ (၁၁၀)ရှိတဲ့ တောင်ပေါ်ရေကန်ကို စုပ်တင်ပြီးတော့မှ တောင်ပေါ်ရေစုကန် ကနေမှတစ်ဆင့် မြို့ပေါ်ကို (၆)ရပ်ကွက်ကို အိမ်သွယ်ရေတိုင် (၁၁၅၀)တိုင်နဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ရေပိုက်လိုင်းတပ်ဆင်ထားရှိမှု အနေနဲ့ကတော့ ပင်မရေပိုက်လိုင်း (၇၁၅၀)ပေကို (၈)လက်မ GI ပိုက် (၉၀၀)ပေ၊ (၆)လက်မ PVC ပိုက် (၁၂၅၀)ပေနဲ့ (၄)လက်မ PVC ပိုက် (၅၀၀၀)ပေနဲ့ ပိုက်လိုင်းခွဲ (၁၇၅၆၀)ပေကို (၃)လက်မပိုက် PVC ပိုက် (၁၀၀၀၀) ပေနဲ့ (၂)လက်မ PVC ပိုက် (၇၅၆၀)ပေဖြင့် တပ်ဆင်အသုံးပြုလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။

ရေလိုအပ်ချက်အနေနဲ့ကတော့ (၁)နှစ်ကို ရေလိုအပ်ချက် (၁၄၅.၂၇ )ဂါလန်သန်း ဖြစ်ပြီး တော့ (၁)နှစ်ရေပေးဝေနိုင်မှုကတော့ (၁၂၇)ဂါလန်သန်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေလွှမ်းခြုံမှု ကတော့ (၈၇.၅၈)ရာခိုင်နှုန်းရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ သို့သော်လည်း ယခုနှစ် မိုးရေ ချိန်နည်းပြီးတော့မှ ပြီးခဲ့တဲ့ နွေရာသီမှာ အပူချိန်လွန်ကဲတဲ့အတွက်ကြောင့်မို့လို့ ရေခမ်းခြောက် လျော့နည်းတဲ့အတွက်ကြောင့်မို့လို့ အခက်အခဲတွေဖြစ်နေကြောင်းကိုလည်း တွေ့ရှိရပြီးတော့မှ တာဝန်ရှိ သူများကနေပြီးတော့မှ ကားတွေနဲ့ ရပ်ကွက်တွေမှာ ရေလှည့်လည်ဝေနေတဲ့ဟာကို တွေ့ရှိရပါတယ်။ ထိုနည်းတူစွာပဲ တောင်ဖြူဆည်ကန်ကတော့ ဒါ ရပ်ကွက် (၁)ရပ်ကွက်၊ ထိုင်မသိမ်းရပ်ကွက်အတွက် ဖြစ်ပြီးတော့မှ မြေသားတာဘောင် တောင်ဖြူတောင်ပေါ်မှာ နှစ်ဘက်ပိတ်ဆည် ပြုလုပ်ပြီးတော့မှ ပေးတဲ့ အနေအထားရှိပါတယ်။ (၆)လက်မပိုက် PVC ပိုက် (၆၀၀)ပေနဲ့ (၄)လက်မ PVC ပိုက် (၈၀၀၀)ပေ၊ (၂)လက်မ PVC ပိုက် (၂၀၀၀)ပေနဲ့ Gravity Flow System ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါတယ်။ ရေသိုလှောင်မှု ပမာဏကတော့ ဒီ သန်း(၅၀)လောက်ရှိပြီးတော့မှ ရပ်ကွက်(၁)ခုနဲ့ ဌာနဆိုင်ရာတွေ၊ နောက် ဘာသာရေး ဘုန်းတော်ကြီးကျောင်းတွေ၊ ကျန်းမာရေး အဆောက်အဦတွေနဲ့ ရေတိုင်(၂၀)နဲ့ ဒါဖြန့် ဝေပေးလျက်ရှိပါတယ်။ ဒီရပ်ကွက်ဟာဆိုရင် ခရိုင်မြို့ဖြစ်တဲ့ ဌာနဆိုင်ရာတွေ၊ လူနေအိမ်ခြေတွေ၊

အဝေးပြေးကားဂိတ်တွေ၊ တိုးပွားလာပြီးတော့မှ ရေလိုအပ်နေတဲ့အနေအထားကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ထို့နည်းတူစွာပဲ ရေပိုက်လိုင်းဟာလည်း Gravity Flow ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ရေအားနည်းတဲ့အချိန်မှာ ရေတွန်းအားနည်းတဲ့အတွက်ကြောင့်မို့လို့ ရေဆင်းနည်းတယ်။ ထိုနည်းတူစွာပဲ ရေပိုက်လိုင်းတွေဟာလည်း မလုံတဲ့အတွက်ကြောင့်မို့လို့ ရေစုကန်တစ်ခု တည်ဆောက်ပြီးတော့မှ ဆောင်ရွက်ပေးလို့ရှိရင် ပိုပြီး အဆင်ပြေမယ်လို့ သုံးသပ်ရရှိပါတယ်။ အခုနှစ် နွေရာသီမှာလည်း ရေရှားတဲ့အတွက်ကြောင့်မို့လို့ ဒီ ဌာနဆိုင်ရာနဲ့ ရပ်ကွက်တွေကိုလည်း ရေကားတွေနဲ့ လိုက်လံဝေငှနေတာ တွေ့ရှိရပြီးတော့ တပ်အနေနဲ့လည်း ကျွန်တော်တို့ ဒီနှစ်မှာ ရခိုင်ပြည်နယ်မှာ ရေတွေရှားပါးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့တွေက အပတ်စဉ် လိုက်လံပြီးတော့မှ ထောက်ပံ့ကူညီဝေငှနေတဲ့ အကြောင်းကိုလည်း ဒါ သတင်းများမှာ ကြားသိတွေ့မြင် ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြောက်ဦးဟာ ခရိုင်မြို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေလိုအပ်နေတဲ့ အနေအထားမျိုးကိုလည်း တွေ့ရှိရပါတယ်။ ထိုနည်းတူစွာပဲ ဒီလက်ဆည်ကန်နဲ့ တောင်ဖြူဆည်ကန်မှာရှိတဲ့ ဒီပိုက်လိုင်းတွေဟာလည်း အဆင့်မြှင့်တင်လုပ်ပေးခြင်း သို့မဟုတ် ရေပိုက်လိုင်းတွေကို အသစ်ပြန်လည်ပြုပြင်ခြင်းများ တပ်ဆင်အသုံးပြုဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ကျွန်တော်လည်း သုံးသပ်ရရှိပါတယ်။ ဒီရေပိုက်လိုင်းတွေဟာလည်း ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရအဖွဲ့ လက်ထက်ကတည်းက နိုင်ငံတော်ရဲ့ထောက်ပံ့ငွေနဲ့ ဆောင်ရွက်ခဲ့တဲ့ အကြောင်းကိုလည်း မေးမြန်းသိရှိရပါတယ်။ ယခုအခါမှာ ဒါတွေဟာလည်း ပျက်စီးပေါက်ပြဲနေတဲ့ အတွက်ကြောင့်မို့လို့ ဆုံးရှုံးမှုတွေ ဖြစ်လာတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရခိုင်ပြည်နယ်မြောက်ဦးမြို့ရဲ့ ရေရှားပါးမှု အခက်အခဲကို အထောက်အကူဖြစ်ဖို့အတွက် မြို့နယ်စည်ပင်သာယာရေးကို မေးမြန်းကြည့်တဲ့အခါမှာ မြို့နယ်အနေနဲ့လည်း ရန်ပုံငွေနည်းတဲ့ အတွက်ကြောင့်မို့လို့၊ ဆောင်ရွက်နိုင်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ ဒါအထက်အဆင့်ဆင့်ကို တင်ပြဆောင်ရွက်ခြင်းအားဖြင့် ဆောင်ရွက်ပေးနိုင်လို့ရှိရင် ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် ပြည်နယ် အစိုးရရန်ပုံငွေနဲ့ဆောင်ရွက်ပေးလို့ရှိရင် အဆင်ပြေနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အောက်ပါမေးခွန်း များကို မေးမြန်းအပ်ပါတယ်။

(၁)ကတော့ တောင်ဖြူဆည်ကန် မြေသားတာပေါင်များကို မြှင့်တင်ခြင်းလုပ်ငန်း (၂)အချက်ကတော့ တောင်ဖြူဆည်ကန် ကွန်ကရစ်ရေပိုလွှဲ အသစ်တစ်ခုတည်ဆောက်ခြင်း၊ (၃)ကတော့ တောင်ဖြူဆည်ကန်မှာ ဂါလန်(၃)သောင်းဆံ့ ရေစုကန်တစ်ခု တည်ဆောက်ခြင်း၊ (၄)ကတော့ လက်ဆည်ကန်မှာရှိတဲ့ ဂါလန်(၂)သောင်းဆံ့တဲ့ ရေစုကန်တစ်ခု ထပ်မံအသစ်တည်ဆောက်ပေးခြင်းနဲ့ ဆည်နှစ်ခုလုံး အတွက် ရေပိုက်များ လဲလှယ်ခြင်းအနေနဲ့ကတော့ (၆)လက်မပိုက် PPC (၁၂၀၀၀) (၈)လက်မ PPC ပိုက် (၆၀၀၀)ပေနဲ့ (၁၂)လက်မ PPC ပိုက် (၂၀၀၀)ပေတို့ကို ဆောင်ရွက်ပေးနိုင်ရေးကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတစ်လျှောက် လိုအပ်သည့် နေရာများတွင် စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန်နှင့် လွိုင်ကော်မြို့တွင်း ချောင်းရိုးတစ်လျှောက် ကျောက်စီနံရံများနှင့် တာထိန်းပေါင်များဖြင့် စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဒွေးရယ် က ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတစ်လျှောက် လိုအပ်သည့် နေရာများတွင် စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန်နှင့် လွိုင်ကော်မြို့တွင်း ချောင်းရိုးတစ်လျှောက် ကျောက်စီနံရံများနှင့် တာထိန်းပေါင်များဖြင့် စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ညီ့သည်တော်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဒွေးရယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတစ်လျှောက် လိုအပ်တဲ့ နေရာများမှာ စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန် အစီအစဉ် ရှိ၊ မရှိ နှင့် လွိုင်ကော်မြို့တွင်း ချောင်းရိုးတစ်လျှောက် ကျောက်စီနံရံ များနှင့် တာထိန်းပေါင်များ စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ မြစ်ဖျားခံပြီးတော့ အင်းလေးကန်ကြီးကနေ တစ်ဆင့် ဘီလူးချောင်းကြီးဟာ စီးဆင်းလာပြီး မိုးဗြဲတိုက်နယ်မှာ မိုးဗြဲဆည်အဖြစ် ရေများ စုဆောင်းထားပြီးတော့ ကယားပြည်နယ် လွိုင်ကော်မြို့ရဲ့ အောက်ဘက် လောပိတ မှာ ရေအား လျှပ်စစ်စက်ရုံ အမှတ်(၁)၊ (၂)၊ (၃) ဆိုတဲ့ စက်ရုံ (၃)ရုံကို လည်ပတ်စေလျက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေတာဟာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါလေးတွေကို မတင်ပြတော့ဘဲ မိုးဗြဲဆည်ရဲ့ အောက်ဘက်မှာရှိတဲ့ ဘီလူးချောင်းနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။ ရေအားလျှပ်စစ်စက်ရုံအတွက်သာမကဘဲနဲ့ စိုက်ပျိုးရေးနဲ့ မြို့ရေပေးရေးအတွက်ပါ အရေးပါအရာရောက်လှတဲ့ ဘီလူးချောင်းကို မပြုပြင်ဘဲ သဘာဝအတိုင်း ထားရှိမယ်ဆိုပါက တစ်ချိန်ချိန်မှာ တိမ်ကောလာပြီးတော့ ရေစီးရေလာ လျော့နည်းသွားစေနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဘီလူးချောင်း တစ်လျှောက်မှာ လိုအပ်နေတဲ့နေရာများမှာ နုန်းဆယ်စက်ကြီးများနှင့် ဆယ်ယူတူးဖော်သွားဖို့အတွက် လိုအပ်နေတယ်။ တချို့နေရာမှာလည်းပဲ ကမ်းပါးထိန်းနေရာများ၊ ရေထိန်းတာများ ပြုလုပ်သွားပေးဖို့ လိုအပ်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ပုံများဖြင့် ပြသခွင့်ပြုပါ။ ဒီပုံကတော့ ကျွန်တော်တို့ ငွေတောင်ဆည် ဘက်ကနေ စီးဆင်းလာတဲ့ ချောင်း ဖြစ်ပါတယ်။ အဲဒီချောင်းရဲ့အဝမှာ ပိတ်ကြောင်းများစွာနဲ့ ပိတ်နေ ပြီးတော့ ရေတိုက်စားမှုကြောင့် ဒီမှာ ပြုလုဆဲဆဲဖြစ်နေတာ ဓာတ်တိုင်လေးတောင် ပါသွားမယ့် အနေအထားလေး ရှိနေတာပါခင်ဗျား။ ဟောဒီပုံကတော့ လှိုင်ကော်မြို့ရဲ့ မြောက်ဘက်ခြမ်းကနေ စဝင်လာတဲ့ အရင် ကျောက်ပြားတံတားအနီးမှာရှိနေတဲ့ ဆည်လေးတစ်ခုကို တာတမံလေး လုပ်ထားတာ ဖြစ်ပါတယ်။ အရင် တပ်မတော်အစိုးရလက်ထက်မှာ သစ်သားတွေနဲ့ငုပ်စိုက်ပြီးမှ ကျောက်တွေ ကြားထဲမှာစီပြီးတော့ သူတို့လုပ်ထားတဲ့ မြေထိန်းနံရံလေး တစ်ခုဖြစ်ပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ ပြုပြင်ဆောင်ရွက်ဖို့ သင့်ပါကြောင်း သုံးသပ်အပ်ပါတယ်။ ဒီပုံလည်းပဲ အဲဒီပုံရဲ့ အဆက်ဖြစ်ပါတယ် ခင်ဗျာ။

ဒါကတော့ လှိုင်ကော်မြို့ရဲ့ မြို့လယ်ထဲမှာ ရောက်သွားတဲ့ အနေအထားရှိပါတယ်။ ဟိုးမှာ လမ်းမီးတောင် မြင်နေရတဲ့ဟာကျတော့ ကျွန်တော်တို့ရဲ့ ခေတ်မီနှစ်ထပ်ဈေးကြီး ဖြစ်ပါတယ်။ တစ်ဖက်ကတော့ ခေတ်မီနှစ်ထပ်ဈေးကြီး လုပ်ထားပေမယ့် ဒီဖက်ခြမ်းထဲမှာ ချုံများနဲ့ပိတ်ပေါင်း များစွာ ဖြစ်နေတာကို မြို့ရဲ့ အလှအပကို အင်မတန် ပျက်စီးစေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ ခုန နှစ်ထပ်ဈေးကြီးပါပဲ ခင်ဗျ။ အဲဒီလို ဒီလို သံဘောင်လေးပုံစံလေး ပြုလုပ်သွားပေး မယ်ဆိုရင် ကျွန်တော်တို့ရဲ့ မြို့အင်္ဂါရပ်နဲ့ အင်မတန် လိုက်ဖက်ညီထွေသွားမယ်လို့ မြင်ပါတယ်။ ဒီဘက် တစ်ခြမ်းမှာတော့ သဘာဝအတိုင်း မပြုမပြင်ထားဘဲနဲ့ သစ်ပင်များနဲ့ ရှိနေတဲ့ အနေအထားလေး ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ လောပိတကားလမ်းဘေးနားမှာရှိနေတဲ့ ကျွန်တော်တို့ရဲ့ သီရိမင်္ဂလာ ဈေးရဲ့ အရှေ့ဘက်မှာရှိနေတဲ့ ဘီလူးချောင်းနေရာတစ်ခုကို မြေထိန်းနံရံများ ပြုလုပ်ထားပေးထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်းပဲ ယခင် တပ်မတော်အစိုးရလက်ထက်မှာ လုပ်ထားပေးခဲ့တဲ့ မြေထိန်းနံရံကြီး ဖြစ်ပါတယ်။ ဒါကတော့ ခုန ပြောသလိုပဲ ကျွန်တော်တို့ ချောင်းရိုးတလျှောက်မှာ ကျောက်စီနံရံများ မြေထိန်းတာများ စီမံဆောင်ရွက်ထားခြင်း မရှိတဲ့အခါကျတော့၊ နောက်ပြီးတော့ မြစ်ကြောင်းရဲ့ ဧရိယာကို တိတိကျကျ သတ်မှတ်မထားတဲ့အတွက်ကြောင့်မို့လို့ လူနေအိမ်ခြေ၊ တိုက်တာအဆောက်အဦတွေဟာ ချောင်းဘက်ကို ကျူးကျော်ပြီးတော့ ဆောက်လာတဲ့ အနေအထားလေး ဖြစ်ပါတယ်။ ဒါလည်းပဲ အဲဒီချောင်းရဲ့ဘေးနားမှာ မြေကွက်ရိုက်ဖို့ စီစဉ်နေကြခြင်းပဲ ဖြစ်ပါတယ်။ ဒါလေးတွေဟာ လှိုင်ကော်မြို့ရဲ့ အလယ်ခေါင်တည့်တည့်မှာ ရှိနေတဲ့ချောင်း ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ကြည့်လိုက်ရင် တောထဲက ပုံစံလို တွေ့နေရတဲ့ အနေအထားလေး ဖြစ်နေပါတယ်။


ဒါလည်းပဲ ကျွန်တော်တို့ လှိုင်ကော်မြို့ရဲ့အလယ်ခေါင်ဖြစ်နေတဲ့ ရှမ်းပိုင်းရပ်ကွက်အတွင်း ထဲမှာရှိနေတဲ့ ရှုခင်းလေး တစ်ခုပါ။ အဲဒီမှာ မြေထိန်းနံရံများ မရှိတဲ့အတွက်ကြောင့်မို့လို့ ရေချိုးစင်များနဲ့ ပြည့်နှက်နေပြီးတော့ လုပ်ထားတာ အကျည်းတန် ရုပ်ဆိုးလှပါတယ်ခင်ဗျ။ ဒါကတော့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရနဲ့ အနောက်ဥရောပနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဟန်ဂေရီနိုင်ငံကို လေ့လာရေး ခရီးသွား ရောက်ခဲ့စဉ်တုန်းက ရိုက်ယူခဲ့တဲ့ ပုံဖြစ်ပါတယ်။ ပုံတွေဟာ ဘူတာမြို့နဲ့ပက်မြို့ကို အလယ်ခေါင်မှာ ခြားထားတဲ့ ဒင်ညူမြစ်ကို အလှဆင်ထားတဲ့ ပုံလေး၊ မြစ်ကို တန်ဖိုးထားရှိတဲ့ပုံစံလေးကို ပြထားတဲ့ပုံလေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မိမိတို့အနေနဲ့ တင်ပြလိုသည်မှာ ရေအားလျှပ်စစ်အတွက် သာမကဘဲနဲ့ စိုက်ပျိုးရေးနဲ့ မြို့ရေပေးရေးအတွက်ပါ အားထားနေရတဲ့ ဘီလူးချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက်နဲ့ ပတ်သက်ပြီးတော့ ချောင်းတစ်လျှောက်မှာ လိုအပ်နေတဲ့နေရာများမှာ စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန် အစီအစဉ် ရှိ၊ မရှိနဲ့ လွိုင်ကော်မြို့တွင်း ချောင်းရိုးတလျှောက်မှာ ကျောက်စီနံရံများ၊ တာထိန်းဘောင်များဖြင့် စီမံဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို အများပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ငွေတောင်ဆည်မှ စီးဆင်းလာသည့် ချောင်းရေတိုက်စားမှုဖြစ်နေသောပုံ (ခ)



ငွေတောင်ဆည်မှ စီးဆင်းလာသည့် ချောင်းရေတိုက်စားမှုဖြစ်နေသောပုံ (ခ-၁)



လွိုင်ကော်မြို့ ခေတ်မီနှစ်ထပ်ဈေးအနီး တစ်ဖက်ခြမ်းတွင် ချုံများနှင့် ပိတ်နေသောပုံဖြစ်နေသောပုံ (ခ-၂)




**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာဈေးအား အဆင့်မြင့် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာဈေးအား အဆင့်မြင့် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် က တလေးတစားနဲ့ ဂါရဝပြု မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ဒီနေ့ ကျွန်တော် မေးရမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာဈေးအား အဆင့်မြင့် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာဈေးဟာ ၁၉၇၈ ခုနှစ် မီးလောင်ခံရပြီးကတည်းက ဈေးဆိုင်ခန်းတွေကို မူလအရေအတွက်ထက် ပိုပြီးတော့ တည်ဆောက်ခဲ့တဲ့အတွက် ဈေးခြံဝင်းထဲမှာ မဆံ့တော့ပါဘူး။ ဈေးခြံဝင်းအပြင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက် ရေမြောင်းတွေကို ခွပြီးတော့မှ မူလဈေးဆိုင်တန်းတွေကို ကျောပြုပြီးတော့ ဆိုင်ခန်း အသစ်တွေကို တည်ဆောက်ပြီး ရောင်းဝယ်နေကြပါတယ်။ နောက်ပြီးတော့ လမ်းဧရိယာကို အဖီထိုးပြီးတော့

ပစ္စည်းတွေ ခင်းကျင်းရောင်းချနေကြပါတယ်။ ဈေးထဲမှာလည်း အလယ်လမ်းကြောင်းမှာ လမ်းပေါ်မှာ ခင်းပြီးတော့မှ ဈေးရောင်းဝယ်တဲ့ လူတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဈေးထဲကို ဝင်ဖို့က တော်တော်ကို ခက်ခဲနေပါပြီ။ အဲဒီထဲမှာ ဈေးဝင်တဲ့လမ်းကြီးကလည်းပဲ စာသင်ကျောင်းလည်း ရှိတယ်။ အဝင်/အထွက်တွေ ရှုပ်ထွေးပြီးတော့မှ တော်တော်ခက်ခက်ခဲခဲ ရှိပါတယ်။ နောက်ပြီးတော့ တစ်ခါ လမ်းဧရိယာမှာ ရောင်းစုံထီးကြီးတွေ စိုက်ထူပြီးတော့ ဈေးဝယ်သူဝယ်သားများ ဖြောင့်ဖြူးစွာ သွားလာနိုင်ခြင်း မရှိလောက်အောင် တိုးဝှေ့ပြီးတော့ စောင့်ဆိုင်းပြီးတော့ သွားလာနေကြရတဲ့ အနေအထားတွေ ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးဆိုတာ ကျွန်တော်တို့ အခု လူတွေ လက်ခံထားတဲ့ပုံစံ အနေအထား ဆိုတာ ဘယ်လိုပုံစံမျိုး ဖြစ်နေလဲဆိုတော့ ရှုပ်ရှုပ်ယှက်ယှက် ညစ်ညစ်ပတ်ပတ် ခက်ခက်ခဲခဲ ဝင်ရတယ်၊ တိုးဝှေ့ရတဲ့ အဲဒီလိုပုံစံမျိုး အနေအထားကို ဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ ခုဆိုလို့ရှိရင် ခေတ်ပြောင်းတော်လှန်ရေးကို လုပ်နေပြီ။ ကျွန်တော်တို့ အရှိန်အဟုန်နဲ့ သွားနေတဲ့ကာလမှာ ကျွန်တော်တို့ဈေးတွေဟာ ဒီထက်မက သပ်သပ်ရပ်ရပ် သာသာယာယာလေးနဲ့ တင့်တောင့်တင့်တယ် ဈေးဝယ်သူများ သက်သက်သာသာ သွားလာလှုပ်ရှားနိုင်အောင် လုပ်ထားသင့်ပါတယ်။ ကျောက်တော်မြို့နယ်အနေနဲ့ ဈေးဟာ မြို့နဲ့မညီလောက်အောင်ကို မြို့ရဲ့ကျက်သရေနဲ့ ကိုက်ညီမှု မရှိလောက်အောင် ဖြစ်နေပါတယ်။

နောက်ပြီးတော့ အခုခေတ်မှာ ရောဂါဘယတွေကလည်း တစ်နယ်နဲ့တစ်နယ် ကူးသန်းကူးလာ အလွန်လွယ်ကူတဲ့ခေတ် ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ကောင်းတယ် ဆိုသလို ကျွန်တော်တို့ ဈေးဟာ သက်တမ်းရှည်ရှည် ရှိနေလို့ရှိရင် ဒီရောဂါတွေကိုလည်း ကာကွယ်ပြီးသား ဖြစ်နေမယ်။ အလုပ်ရှုပ်ရ သက်သာမယ်လို့ ကျွန်တော် မြင်ပါတယ်။ နောက်ပြီးတော့ မီးလောင်လိုက်လို့ရှိရင် ဈေးတွေကပဲ လောင်နေတာ နှစ်တိုင်း၊ နှစ်တိုင်း မီးနဲ့ပဲ လန့်နေကြရပါတယ်။ ကျောက်တော်မြို့ဆိုရင်လည်း အရင်ကတည်းက လောင်ပြီးပါပြီ၊ စစ်တွေလည်း လောင်ပြီးပါပြီ။ မန္တလေးဈေးသစ်တောင်မှ မီးလောင်ပြီးပါပြီ။ ဒါတွေဟာ သာဓကတွေပါ။ ကျွန်တော်တို့ မလောင်ခင် ကြိုတင်တားရမယ်၊ သန့်ရှင်းမှုကို ကိုယ်က လက်ဦးမှု ယူရမယ်။

အဲဒါကြောင့်မို့လို့ တတ်နိုင်လို့ရှိရင် နှစ်ထပ်ဈေးကို တည်ဆောက်ပြီးတော့မှ သာသာယာယာနဲ့ မြို့နယ်လူထု ဈေးရောင်းတဲ့လူတွေ အကုန်လုံးနေရာ ရရှိပြီးတော့ ဈေးကောင်းလည်း ရမယ်။ မြို့ရဲ့အင်္ဂါရပ်လည်း ကျက်သရေရှိလာမယ်ဆိုတာကို ယုံကြည်ပြီးတော့ နိုင်ငံတော်အစိုးရ ကလည်း အခုချိန်မှာ အဟုန်နဲ့ရခိုင်ပြည်မှာ လုပ်မယ်ဆိုပြီး ကြွေးကြော်ထားတဲ့ဟာတွေ ရှိတာကြောင့် ပြည်သူလူထုရဲ့ဆန္ဒအရ ကျောက်တော်ဈေးကြီးကို ပြန်လည်အဆင့်မြင့် ပြုပြင်ပေးဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းခဲ့တဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မိုးယွန်းကြီးအင်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်း ၁၈၇၃ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၈၇၈ ခုနှစ်မှာ ပြီးစီးခဲ့တဲ့ တစ်ဖက်ရပ်ဆည်တစ်ခု ဖြစ်ပါတယ်။ အင်္ဂလိပ် အစိုးရလက်ထက်မှာ သစ်ဖောင်များသယ်ယူရန် တည်ဆောက်ခဲ့ပြီး ပဲခူး-စစ်တောင်း တူးမြောင်းကြီး အတွင်းကို ရေဖြည့်တင်းရန် ရည်ရွယ်ပြီးတော့ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ ပဲခူး-စစ်တောင်းတူးမြောင်းကြီး တည်ဆောက်စဉ်က သစ်ဖောင်များမျှောရန် တစ်ခုတည်းကိုသာ ရည်ရွယ်ထားခဲ့သော်လည်း ယခုအခါမှာ နွေစပါးစိုက်ပျိုးရေးကို အဓိကထား အသုံးပြုလျက်ရှိပါတယ်။ မိုးတွင်းကြီးအင်းဟာ နွေစပါးစိုက်ပျိုးရေးအတွက် အဓိကအားထားရာ ပဲခူး-စစ်တောင်း တူးမြောင်းကို ရေဖြည့်တင်းပေးနေတဲ့ အရေးပါတဲ့ ရေလှောင်ကန်ကြီး ဖြစ်ပါတယ်။ မိုးယွန်းကြီးအင်းဟာ ဝန်ကြီးဌာနနှစ်ခုနဲ့ ဆက်စပ်နေတဲ့ ရေလှောင်ကန်ကြီးလည်း ဖြစ်ပါတယ်။ ရေလှောင်ကန်အတွင်းမှာနေတဲ့ ကုန်းနေရေနေ သတ္တဝါမျိုးစိတ်များ ထိန်းသိမ်းမှုကို သစ်တောရေးရာနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ယူကာ ရေဘေးကာကွယ်ရေး တာဘောင် ထိန်းသိမ်းမှုနဲ့ ရေပေးဝေမှုကို လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်းလျက်ရှိပါတယ်။

မိုးယွန်းကြီးအင်းကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက် နေ့မှာ အမိန့်ကြော်ငြာစာ အမှတ် ၉၃/၉၈ ဖြင့် ဧရိယာအကျယ်အဝန်း (၂၅၆၀၀)ဧကနဲ့ စတုရန်းမိုင် (၄၀)ကို သဘာဝနယ်မြေ တစ်ခုအဖြစ် သတ်မှတ်တည်ထောင်ထားခဲ့ပါတယ်။ အဆိုပါအင်းဟာ ပဲခူးမြို့နယ်နဲ့ ဝေါမြို့နယ်တို့အတွင်းမှာ ကျရောက်ပါဝင်နေပြီးတော့ ရေတိမ်ဂေဟစနစ်နဲ့ ၎င်းအတွင်း တည်ရှိနေတဲ့ ရေနေအပင်မျိုးစိတ်များ သတ္တဝါနဲ့ ရေပျော်ငှက်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့အတွက် အဓိက ရေသယံဇာတ အရင်းအမြစ်ကို ရေရှည်တည်တံ့စေရေးနဲ့ စနစ်တကျ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ နိုင်ရေး ထိန်းသိမ်းရန် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းရဲ့ အရေးပါမှုကို ပြည်သူလူထု သိရှိပါဝင်ထိန်းသိမ်းလာစေရေး အသိပေးရန် ရည်ရွယ်ချက်များနဲ့ သဘာဝနယ်မြေ အမျိုးအစား တစ်ခု ဖြစ်တဲ့ တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ ၂၀၀၄ ခုနှစ်မှာ ကမ္ဘာ့ရေတိမ်ဒေသ များ ထိန်းသိမ်းရေး (The Ramsar Convention on Wetlands)ရဲ့ အပြည်ပြည်ဆိုင်ရာ အရေးပါတဲ့

ရေတိမ်ဒေသများ စာရင်းဝင်နေရာတစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ ရေတိမ်ဒေသ ထိန်းသိမ်းရေး နယ်မြေ တစ်ခုလည်း ဖြစ်ပါတယ်။ ရေတိမ်ဒေသ ဂေဟစနစ်အတွက် အရေးပါတဲ့ နယ်မြေတစ်ခုဖြစ်တဲ့ နည်းတူ အရှေ့အာရှ ဩစတြေးလျဒေသ ငှက်ပျံသန်းရေး လမ်းကြောင်းကွန်ရက် East Asian-Australasian Flyway Partnership (EAAFP)ရဲ့ ကမ္ဘာ့မြောက်ခြမ်းနဲ့ အရှေ့ခြမ်းဒေသမှာ ဆောင်းခိုငှက်များ ပျံသန်းလမ်းကြောင်းနဲ့ ဒေသခံပြည်သူများထက် လူမှုစီးပွားရေး အထောက်အကူ ပြုရာ အချက်အခြာနေရာ သတ်မှတ်ချက်မှာ ကျရောက်နေမှုများ အရလည်း အရေးပါတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ အင်းရေပြင်ကို ပုံသေရေမှတ်တစ်ခုအဖြစ် စနစ်တကျ ထိန်းသိမ်းခြင်းကြောင့် ရေတိမ်ဂေဟစနစ်ရဲ့ ရှေးကာလလူလုပ် ရေလှောင်အင်းကြီးမှတစ်ဆင့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများဖြစ်ထွန်းလာပြီးတော့ သဘာဝအင်းအသွင်ကို ကူးပြောင်းပြီးတော့ ရေနေမျိုးစိတ်များ သဘာဝကြာတောကြီးများနဲ့ ရေတိမ်ဗျိုက်တောတို့ဟာ ဌာနေငှက်မျိုးစိတ်နဲ့ ဆောင်းခိုငှက်များအတွက် ခိုလုံမျိုးပွား နိုင်တဲ့ ကျက်စားနယ်မြေတစ်ခု ဖြစ်လာတဲ့အပြင် အဓိက ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးရဲ့ ရေအရင်းအမြစ် တစ်ခုလည်း ဖြစ်လာပါတယ်။ သို့အတွက်လည်း ဆောင်းခိုငှက်မျိုးစိတ်များနဲ့ ရေတိမ်ဂေဟစနစ်တို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှု အပန်းဖြေနိုင်တဲ့ သဘာဝကို အခြေခံတဲ့ ခရီးသွားလုပ်ငန်း နေရာတစ်ခုအဖြစ်လည်း ထင်ရှားပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနဟာ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းကာကွယ်ရေးအတွက် အုပ်ချုပ်ရေးမှူးရုံးကို ပျဉ်ပုံကြီးကျေးရွာမှာ ဖွင့်လှစ်ထားရှိပြီး ဝန်ထမ်းများခန့်အပ်ကာ နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး ပြည်ထောင်စုဘဏ္ဍာငွေ ရန်ပုံငွေမှ ထိန်းသိမ်းရန်ပုံငွေချထားပေးပြီး လုပ်ငန်းများကို ဆက်စပ်ဌာနများ၊ ဌာနဆိုင်ရာများ ပြည်တွင်းပြည်ပအစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ ဒေသခံလူမှုရေး အဖွဲ့အစည်းများ၊ တက္ကသိုလ်ကောလိပ်တို့နဲ့ ပူးပေါင်းပြီးတော့ သုတေသနလုပ်ငန်းများ၊ ဂေဟစနစ်ထိန်းသိမ်းရေး လုပ်ငန်းများ၊ မျိုးစိတ်များ လေ့လာဖော်ထုတ် ထိန်းသိမ်းရေးလုပ်ငန်းများနဲ့ တရားနည်းလမ်းမကျ ဆောင်ရွက်မှုများကို လျှော့နည်းပပျောက်စေရေး ဆွေးနွေးပညာပေးခြင်း ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

မိုးယွန်းကြီးအင်းအတွင်း ကျက်စားနေတဲ့ ငါးမျိုးစိတ်များ ရှင်သန်တိုးပွားစေရေး၊ မျိုးစိတ်ပျောက်ကွယ်မှု မရှိစေရေးတို့ကိုလည်း သက်ဆိုင်ရာဌာနေများနဲ့ပူးပေါင်းပြီး စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ် ထပ်ထည့်ခြင်း၊ ရေရှည်တည်တံ့စေမည့်နည်းလမ်းများ ကျနမှန်ကန်စေတဲ့ ငါးဖမ်းနည်းစနစ်များကို အသုံးပြုငါးဖမ်းရေးကိစ္စများကို ကြီးကြပ်ခွင့်ပြု ဆောင်ရွက်ပေးခြင်း၊ တရားမဝင်ငါးဖမ်းနည်းများနဲ့ ဖမ်းဆီးခြင်းများ ပပျောက်စေရေး ပညာပေးဟောပြောစည်းရုံးခြင်းတို့ကိုလည်း လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ရေနေအပင်မျိုးစိတ်များ စဉ်ဆက်မပြတ်မျိုးပွားရှင်သန်ရေး အထူးသဖြင့် ပဒုမ္မာကြာမျိုးများ သဘာဝအလျောက် ပေါက်ရောက်မှုမှ အဆမတန်တိုးပွားလာခြင်းကြောင့် ကန်ရေပြင် ဧရိယာကျဉ်းမြောင်းလာစေခြင်း၊ ဆွေးမြည့်ပုပ်သိုးခြင်း၊ ထိခိုက်စေခြင်း၊ ကန်ရေပြင်နုန်းပို့ချမှုများကြောင့် အောက်ခြေကြမ်းပြင်မြင့်တက်လာခြင်းတို့ကို တားဆီးထိန်းချုပ်နိုင်ရေးအတွက်လည်း ဒေသခံအလုပ်အကိုင်ရရှိစေခြင်း နိုင်ငံတော်အခွန် တိုးတက်ရရှိစေခြင်းနဲ့ ရိုးရာယက်ကန်းပညာ မတိမ်ကောစေရေးတို့ကိုလည်း ကြာသက်န်း ထုတ်လုပ်ခြင်းအတွက် စနစ်တကျ နယ်မြေသတ်မှတ်၊ စည်းကမ်းသတ်မှတ် ခွင့်ပြုဆောင်ရွက်စေလျက်ရှိပါတယ်။ မိုးယွန်းကြီး

ပတ်လည်ကာရံထားတဲ့ ရေဘေးကာကွယ်ရေး မြေသားတာဘောင်ကြီးဟာ စတင်တည်ဆောက်ပြီး ကတည်းက အကြီးစားပြင်ဆင်မှု မပြုလုပ်နိုင်ခဲ့ပါ။

ထို့ပြင် ပတ်ဝန်းကျင်ကျေးရွာများမှာရှိတဲ့ ကျွဲ အကောင်ရေ (၅၀၀၀)ခန့်မှာလည်း မိုးရာသီ တာဘောင်ပေါ်ကို အတက်အဆင်းပြုလုပ်ကြပြီးတော့ တာဘောင်တလျှောက် တချို့နေရာများမှာ တာအားနည်းမှု၊ တာဘောင်နိမ့်ကျမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဆည်မြောင်းဦးစီးဌာန အနေနဲ့ နိုင်ငံတော်ရဲ့ ခွင့်ပြုချက်နဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ပွင့်လင်းရာသီမှာ မိုးယွန်းကြီးတာဘောင်အား အကြီးစားပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုကာလအနေနဲ့ ၂၇-၄-၂၀၁၃ ရက် နေ့မှာ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ပြီး ၂၃-၆-၂၀၁၃ ရက်နေ့မှာ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်းမြေသားလုပ်ငန်းပမာဏမှာ (၂၅၉၉၂၀)ကျင်း ဆောင်ရွက်ခဲ့ပါတယ်။ ဆည်မြောင်း ဦးစီးဌာန အနေနဲ့ ရေဘေးကာကွယ်ရေး တာဘောင်ကြံ့ခိုင်ရေး ရေတံခါးများ ကြံ့ခိုင်ရေးကိုသာ အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ ရေလှောင်ကန်အတွင်းမှာရှိတဲ့ နုန်းများပို့ချမှုတားဆီးရန်၊ သဲနုန်းဖမ်း အဆောက်အဦများ ဆောက်လုပ်ရန်နဲ့ ဆောက်လုပ်ရန် ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာ အထူးပင် သင့်လျော်ကောင်းမွန်ပါတယ်။ သို့သော်လည်းပဲ အဆိုပါသဲနုန်းဖမ်းအဆောက်အဦများ တည်ဆောက် ရန်အတွက် အသေးစိတ် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးမှ အင်းကြီးအတွင်းမှ သဲသောင်များ တူးဖော်ရန်နဲ့ သဲသောင် တူးဖော်ရာမှ ထွက်ပေါ်လာတဲ့ မြေစာတွေကို သဘာဝမြေသြဇာ Organic Fertilizer အဖြစ် အသုံးပြုရန် အကြံပြုထားသည်မှာလည်း စနစ်တကျ ဆောင်ရွက်ရန် အထူးအရေးကြီးလှ ပါတယ်။ အင်းကြီးအတွင်းမှာ သဲသောင်များတူးဖော်ရန် လက်ရှိ တည်ရှိပြီး ရေနေ၊ ကုန်းနေသတ္တဝါ မျိုးစိတ်များ ပျက်စီးမသွားအောင် အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မိုးယွန်းကြီးရေလှောင်ကန်ကို ပြန်လည်တူးဖော်မည်ဆိုပါက ရေပြင်ကျယ် ဖြစ်သွားမည် ဖြစ်တဲ့အတွက်ကြောင့် ကန်အတွင်းမှာရှိတဲ့ ကျွန်းမျောများမှာ နေထိုင်ကျက်စားနေတဲ့ ရေနေပိုးမွှားသတ္တဝါများ ရှင်သန်မှုပြုနိုင်မည် မဟုတ်တော့ ပါ။ ယင်းရေနေပိုးမွှားသတ္တဝါများကို စားသောက်နေထိုင်တဲ့ ဆောင်းခိုငှက်များရဲ့ အစာ အခက်အခဲ ရှိလာမှာ ဖြစ်ပါတယ်။ ဂေဟစနစ် ပျက်သုဥ်းသွားဖွယ်ရှိပြီး ဆောင်းခိုငှက်များ ဝင်ရောက်မှု လျော့နည်း သွားမည်ဟု ယူဆရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ သဲသောင်များတူးဖော်ခြင်းအတွက် ကျွမ်းကျင်မှု ပညာရှင်များ သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီးတော့ အချိန်ယူလေ့လာဆောင်ရွက်သွားရမယ့်ကိစ္စ ဖြစ်ပါတယ်။ မိုးယွန်းကြီးအင်းဟာ သဘာဝရေတိမ်အင်း ဖြစ်ပြီးတော့ ယင်းသဘာဝကို တူးဖော်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်တဲ့အတွက်ကြောင့် ရေတိမ်အင်းများကို တူးဖော်ခြင်းမပြုဘဲ နိုင်ငံတကာတွေမှာလည်း ထိန်းသိမ်းမှုသာဆောင်ရွက်ကြတဲ့ သာဓကများ ရှိပါတယ်။ ရမ်ဆာရေတိမ် ဒေသထိန်းသိမ်းရေးနယ်မြေ တစ်ခုဖြစ်တဲ့အပြင် နိုင်ငံတွင်းဥပဒေနဲ့ သတ်မှတ်တည်ထောင်ထိန်းသိမ်း ထားတဲ့ သဘာဝနယ်မြေ တစ်ခု ဖြစ်တဲ့အတွက်ကြောင့် ရေတိမ်ဂေဟစနစ် ပိုမိုတိုးတက် ကောင်းမွန် စေရေး ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာအစိုးရဌာနများ၊ အစိုးရမဟုတ်တဲ့ သိပ္ပံသုတေသနဆိုင်ရာ ထိန်းသိမ်းရေး အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ ရန်ပုံငွေနည်းပညာအကူအညီများ ရယူကာ

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးမဟာဗျူဟာနဲ့ လုပ်ငန်းစီမံချက်များပါအတိုင်း နှစ်တိုနှစ်ရှည် စီမံကိန်းများနဲ့ ထိန်းသိမ်းရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီးတော့ တိုင်းဒေသကြီးအစိုးရရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ဆက်စပ်ဌာနများ ပါဝင်ပြီးတော့ မိုးယွန်းကြီးအင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနဲ့ အခြားမြေအသုံးချမှုများကို စိစစ်ကန့်သတ် ထိန်းသိမ်းမှုများနဲ့ အခြားမြေအသုံးချမှုများကို စိစစ်ကန့်သတ်ထိန်းသိမ်းမှုများကို ဆောင်ရွက်လျက် ရှိပါကြောင်းနဲ့ ရေရှည် တည်တံ့ရေးထိန်းသိမ်းမှုလုပ်ငန်းများမှာ ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက် လာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေး စည်းရုံးဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတင်ပြခဲ့တဲ့ မိုးတွင်းကြီးအင်းကို ပြန်လည်ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး လတ်တလော ဆောင်ရွက်ချက်အနေနဲ့ ရေဘေးကာကွယ်ရေး တာဘောင်ပြုပြင်ခြင်းနဲ့ ရေတံခါးများထိန်းသိမ်းခြင်းကိုသာ အဓိကဆောင်ရွက်လျက် ရှိပြီး နုန်းဖမ်းအဆောက်အဦများ တည်ဆောက်ရန်နဲ့ သဲသောင်ခုံများ တူးဖော်ခြင်းအတွက် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်းနဲ့ နိုင်ငံတကာအဆင့်မီ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရေရှားပါးမှုအတွက် တောင်ဖြူဆည်ကန်နဲ့ လက်ဆည်ကန်တို့မှ ရေပေးဝေရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့ပေါ် ရပ်ကွက်(၇)ရပ်ကွက် သန့်ရှင်းတဲ့သောက်သုံးရေ(၁၀၀)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိအောင် ဆောင်ရွက် နိုင်ဖို့အတွက် မြို့ရေပေးရေးစီမံချက်ကို အသစ်ရေးဆွဲထားရှိပြီးဖြစ်ရာ စီမံချက်တစ်ခုလုံးရဲ့ ခန့်မှန်းတွက်ချက်မှုအရ အောက်ပါအတိုင်း ရန်ပုံငွေလိုအပ်မှာဖြစ်ပါတယ်။ (က) ရေပိုက်လိုင်းများ တပ်ဆင်ခြင်းအတွက် ကုန်ကျငွေ (၉၅၁.၅)သန်း၊ (ခ) ရေဂါလန် တစ်သိန်းဆံ့တဲ့ ရေလှောင်ကန် တစ်ကန်အတွက်ကို ကုန်ကျငွေ (၆၀ ပေ x၃၀ ပေ x ၉ ပေ) (၇၁.၃၀)သန်း၊ (ဂ) ရေတင်စက်ရုံ တည်ဆောက်ခြင်းအတွက် ကုန်ကျငွေ (၁၅ ပေ x ၁၀ ပေ x၉ ပေ) (၂.၂၀)သန်း၊ (ဃ) မြင်းကောင်ရေ(၁၀၀)အင်ဂျင် Pump နဲ့ ဆက်စပ်ပစ္စည်းများ ကုန်ကျငွေ (၁၀.၇၀)သန်း စုစုပေါင်း ကုန်ကျငွေ (၁၀၃၅.၇၀)သန်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ တောင်ဖြူဆည်ကန်မှ ဓမ္မရာဇ်ရပ်ကွက်၊ လော်ကမူရပ်ကွက်နှင့် လက်ကောက်ဈေးရပ်ကွက်များကို ရေအလုံအလောက် ဖြန့်ဝေရေးအတွက်ကို ပထမအဆင့်အနေနဲ့ ရန်ပုံငွေကျပ် သန်း(၃၅၀.၀၀) ကုန်ကျမည်ဖြစ်ပြီးတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ အဖွဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကယားပြည်နယ်အစိုးရရဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်း

နေတဲ့ ဘီလူးချောင်းဟာ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်အတွင်းမှ မြစ်ဖျားခံကာ ရှမ်းပြည်နယ် ဖယ်ခုံအင်း၊ မိုးဗြဲဆည်တို့မှတစ်ဆင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက် ရှိတဲ့ ချောင်းတစ်ခုဖြစ်ပါတယ်။ ဘီလူးချောင်းရေကို အသုံးပြုလျက် ဘီလူးချောင်း လျှပ်စစ်စီမံကိန်း အဖြစ် လောပိတအမှတ်(၁)၊ (၂)၊ (၃) စက်ရုံများကိုလည်း လည်ပတ်စေလျက် မြန်မာပြည်အနှံ့ လျှပ်စစ်ဓာတ်များ ဖြန့်ဝေပေးလျက်ရှိပါတယ်။ ကယားပြည်နယ်၊ ဘီလူးချောင်းအမှတ်(၂) ရေအား လျှပ်စစ်စီမံကိန်းကို ၁၉၅၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၆၀ ခုနှစ်မှာ (၂၃၀)KV ဓာတ်အား လိုင်းဖြင့် ရန်ကုန်မြို့သို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်မှာ (၁၃၂)KV ဓာတ်အားလိုင်းဖြင့် မန္တလေးမြို့သို့ လည်းကောင်း ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး ရေအားလျှပ်စစ်စီမံကိန်း အဖြစ် စတင်ပြီး ဆောင်ရွက်နိုင်ခဲ့တဲ့ ဘီလူးချောင်းဟာ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရဲ့အလယ်ဗဟို မှဖြတ်သန်းစီးဆင်းလျက်ရှိတဲ့အတွက်ကြောင့် ဘီလူးချောင်းနဲ့ ဘီလူးချောင်းရေအား ရေရှည်တည်တံ့စေ ရေးအတွက် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ရန်ရှိသော်လည်း လွန်ခဲ့သောနှစ်ပေါင်း (၂၀)ခန့်က တစ်ကြိမ်၊ ၃၁-၈-၂၀၁၁ မှ ၂၈-၁၁-၂၀၁၁ အထိတစ်ကြိမ်၊ ဘီလူးချောင်းရေလျှံမှုကြောင့် လွိုင်ကော်မြို့ အတွင်းမှာရှိတဲ့လယ်များ၊ စားသုံးသီးနှံစိုက်ခင်းများ၊ ဘီလူးချောင်းပတ်ဝန်းကျင်အနီးမှာရှိတဲ့ လူနေအိမ်များ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ ပါတယ်။

ထိုသို့ ဘီလူးချောင်းရေနစ်မြုပ်မှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ရဲ့ ရေပေးမြောင်းများအဖြစ် အသုံးပြုထားတဲ့ ဘီလူးချောင်းကို တာဝန်ယူထိန်းသိမ်းတဲ့ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်ထိန်းသိမ်းရေး၊ အကောင်အထည်ဖော်ရေးဦးစီးဌာန (ထိန်းသိမ်း ရေးဌာနခွဲ)မှ ဒေါတချားရေတံခါး အထက်ဘက်ပေ(၃၀၀)ခန့်အကွာမှာ ချောင်းကျဉ်းနေရာချဲ့ခြင်း လုပ်ငန်းကို ၂-၃-၂၀၁၂ ရက်နေ့မှ ၁၁-၃-၂၀၁၂ ရက်နေ့အထိ မြေကျင်းပေါင်း(၂၃၄၀)ကျင်း၊ ဒီဇယ်ဆီ(၁၀၂၈)ဂါလံ၊ ကုန်ကျငွေ (၃၅)သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ဒေါတချားရေတံခါးရဲ့ အထက်ဘက် ပေ(၂၀၀၀)ခန့်အကွာမှာ လူအားနဲ့ ရေလမ်းဖြောင့်ခြင်း လုပ်ငန်းကို ၂၇-၄-၂၀၁၂ ရက်နေ့မှ ၁၄-၇-၂၀၁၂ ရက်နေ့အထိ မြေကျင်းပေါင်း(၄၂၀)ကျင်း၊ ကုန်ကျငွေ(၃၃)သိန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဘီလူးချောင်းကို စိုက်ပျိုးရေး၊ သောက်သုံးရေအဖြစ် လုပ်သားပြည်သူများအကျိုး ရှိစွာအသုံးပြုနိုင်ရေး လောပိတ ရေအားလျှပ်စစ်စက်ရုံများသို့ သွားတဲ့ရေလမ်းကြောင်းရှင်းလင်းရေး၊ ရေတံခါးအနီး အနည်များ၊ မှော်များ ဖယ်ရှားရေး၊ မြို့နေလူထုရဲ့ အမှိုက်သရိုက်စွန့်ပစ်မှုနဲ့ ရေဆိုးရေညစ်များ စီးဝင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဘီလူးချောင်း ရေရှည် တည်တံ့စီးဆင်းရေးအတွက်လည်းကောင်း၊ လိုအပ်တဲ့ ရေထိန်းနံရံတည်ဆောက်ခြင်း၊ ဘီလူးချောင်း ရေကြီးနစ်မြုပ်မှု မဖြစ်စေရေးအတွက်လည်းကောင်း၊ ရေသန့်စင်နိုင်မယ့် အနည်ထိုင်စေရန် ပြုပြင်ဆောင်ရွက်လိုတဲ့နည်းလမ်းများ၊ ချဉ်းကပ်မှုများ၊ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်း ဆောင်ရွက်မှု ဆိုင်ရာ နည်းစနစ်များကို လေ့လာစူးစမ်းစိစစ်ဖော်ထုတ်နိုင်ရေးအတွက် ကျွမ်းကျင်တဲ့ အတတ်ပညာရှင် များနဲ့ စက်ယန္တရားများ ပံ့ပိုးကူညီပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ခဲ့ပါတယ်။

တင်ပြမှုအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ကူညီပံ့ပိုးမှုဖြင့် ညှိနှိုင်းကွင်းဆင်းပြီး ဆောင်ရွက်ပေးရန် အကြောင်းကြားခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီလူးချောင်းကို ကွင်းဆင်းတိုင်းတာ

စစ်ဆေးချက်များအရ ရေစီးရေလာရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်း (၂၇)မိုင်အတွင်း တူးဖော်ရမယ့်ထုထည် (၅၉၁၃၀၀)ကျင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၄၅၉၂.၇) သန်းဖြစ်ပြီးတော့ သောင်တူးဖော်သင့်တဲ့ ပမဏများအား လက်ရှိတိုင်းတာတဲ့ ရေလမ်း(၆)မိုင် အရှည်အပေါ်အခြေခံပြီးတော့ ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပါကြောင်း၊ လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်မယ့်အချိန်မှာ ရေလမ်းပိုင်း(၂၇)မိုင်အားလွှမ်းခြုံတဲ့ အသေးစိတ် တိုင်းထွာမှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်လည်တင်ပြမှုအရ သိရှိရပါတယ်။ တင်ပြမှုနဲ့ပတ်သက်ပြီး ပြည်ထောင်စု အစိုးရမှ ဆောင်ရွက်ရန်လိုအပ်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုထားတဲ့ ဘဏ္ဍာငွေအတွင်းမှ ဦးစားပေးလုပ်ငန်းများနဲ့ ချိန်ဆပြီး ဆောင်ရွက် သွားရန်နဲ့ အခြေအနေကို ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်သည်ကို တွေ့ရှိရပါတယ်။

သို့ရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆောင်ရွက်ရန် အတွက် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်း(၂၂၂၂.၄၀၁) ဖြစ်ပါကြောင်းနှင့် အဆိုပါခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မယ့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ပေးရန်လိုအပ်တဲ့ လုပ်ငန်းများအတွက် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းဖြစ်ပြီးတော့ ဘီလူးချောင်း သောင်တူးဖော်ရေး လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပါဝင်ခြင်းမရှိပါကြောင်းနဲ့ ဘီလူးချောင်းရေရှည်တည်တံ့ စီးဆင်းနိုင် ရေးအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၄၅၉၂.၇)သန်း ကုန်ကျ မည်ဖြစ်ပြီးတော့ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်း (၂၂၂၂.၄၀၁) သန်း ဖြစ်တဲ့အတွက်ကြောင့် ရန်ပုံငွေမျှတသုံးစွဲရန် လုံလောက်မှုမရှိပါကြောင်းနဲ့ ဘီလူးချောင်း ရေရှည် တည်တံ့ခိုင်မြဲရေး လုပ်ငန်းအတွက် ကုန်ကျစရိတ်များအား ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေမှလည်းကောင်း (သို့မဟုတ်) ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲမည်ဆိုပါက လုပ်ငန်းများ တာဝန်ယူ ဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်တင်ပြမှုအရ သိရှိရပါတယ်။

လှိုင်ကော်မြို့အတွင်း ချောင်းရိုးတစ်လျှောက် ကျောက်နံရံများနဲ့ တာထိန်းဘောင်များ စီမံ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ လှိုင်ကော်မြို့၊ ဘီလူးချောင်း ကမ်းပါးထိန်းသိမ်းခြင်းနံရံ (၆၀၀x ၃၅) ပေ ပြုပြင်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၅၀)ဖြင့်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်မှာ လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက် ဘီလူးချောင်း မြေထိန်းနံရံ(၆၀၀)ပေ၊ ရေကာကျောက်တန်း (၇၀၀)ပေ ပြုလုပ်ခြင်း ဖြင့် ခွင့်ပြုရန်ပုံငွေ ကျပ်(၂၆.၅)သန်းဖြင့်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ လှိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်၊ သီရိမင်္ဂလာတံတားအနီး မြေထိန်းနံရံပြုလုပ်ခြင်း အတွက် ခွင့်ပြုရန်ပုံငွေကျပ် (၁၂.၆) သန်း ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ကယားပြည်နယ်၊ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ချောင်းရိုးတစ်လျှောက် ကျောက်နံရံများ၊ တာထိန်းဘောင်များ စီမံဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်မူလ ရန်ပုံငွေ ကျပ်သန်း(၄၀) ခွင့်ပြုရရှိထားပြီးဖြစ်၍ ဘီလူးချောင်းရဲ့ ချောင်းရိုးဖြစ်တဲ့ ဘုရားဖြူရွာနဲ့ ဘုရားနီရွာအနီး လယ်မြေဧရိယာများ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် ဘီလူးချောင်း နှစ်ဖက် ကမ်းပတ်တာ တည်ဆောက်ခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ

အနှံ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာမှာ အမှတ်(၁)၊ (၂)၊ (၃) လျှပ်စစ်ဓာတ်အားစက်ရုံ အတွက် လွန်စွာအရေးပါလှတဲ့ ဘီလူးချောင်းရေအား ရေရှည်တည်တံ့ ရေစီးရေလာကောင်းမွန်စေ ရေးအတွက် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီး ဌာနတို့နှင့် ညှိနှိုင်းပြီးတော့ ဘဏ္ဍာငွေရရှိရေး စီစဥ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ကျောက်တော်မြို့ စည်ပင် သာယာရေးဈေးကို အဆင့်မြှင့်ပြုပြင်စီမံပေးရန် လိုအပ်နေပြီဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်ပေး နိုင်ခြင်း အစီအစဥ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာ ရေးဈေးဟာ ၁၉၇၈ ခုနှစ်မှာ မီးလောင်ခဲ့ပြီးနောက် ဈေးဆိုင်ခန်းများ မူလအရေအတွက်ထက် ပိုပြီးတော့ ဆောက်လုပ်ခဲ့တဲ့အတွက်ကြောင့် ဈေးဝင်းအပြင် မြောက်ဘက်နဲ့ အနောက်ဘက်တို့မှာ ရေမြောင်းများခွပြီးတော့၊ မူလဈေးဆိုင်တန်းများကို ကျောပြုပြီးတော့ ဆိုင်ခန်းသစ်များ တည်ဆောက်ခြင်း လုပ်ခဲ့တဲ့အတွက်ကြောင့် ယခုအခါမှာ ဈေးရုံ(၃၃)ရုံနဲ့ ဈေးဆိုင်ခန်းပေါင်း(၅၀၉)ခန်းရှိပါတယ်။

ကျောက်တော်မြို့ စည်ပင်သာယာရေးဈေး သန့်ရှင်းရေးကို အမြဲတမ်းဝန်ထမ်း(၁)ဦး၊ နေ့စားပုတ်ပြတ်(၃)ဦး စုစုပေါင်း(၄)ဦးနဲ့ ဆောင်ရွက်လျက်ရှိပြီး နေ့စဥ်ထွက်ရှိတဲ့ အမှိုက်များကို အမှိုက်သိမ်း ကားဖြင့် သယ်ဆောင်ပြီးတော့ မြို့အနောက်ဘက်မှာရှိတဲ့ အမှိုက်ကျင်းမှာ စုပုံပြီးတော့ နွေရာသီမှာ မီးရှို့ဖျက်ဆီးပါတယ်။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဥပဒေအရ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များသည် ကောက်ခံခွင့်ရှိသော အခွန်အခများကို စည်းကြပ်ကောက်ခံပြီး ရရှိသောဝင်ငွေနဲ့ ဝန်ထမ်းလစာ၊ စရိတ်ချီးမြှင့်ငွေ ခွဲဝေသုံးစွဲခြင်း၊ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့ရေပေးရေး၊ လမ်းတံတားစတဲ့ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ အဖွဲ့ပိုင် ဈေး၊ အဆောက်အဦများ၊ လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။

ကျောက်တော်မြို့ စည်ပင်သာယာရေးဈေး အဆင့်မြင့်ပြုပြင်ရန်အတွက် စည်ပင်သာယာ အဖွဲ့ ရန်ပုံငွေတစ်ခုတည်းနဲ့ လုံလောက်မှုမရှိတဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်းပဲ ဈေးအဆောက်အဦများ အသေးစားပြင်ဆင်ထိန်းသိမ်း ခြင်းနဲ့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်းများကို နှစ်စဥ်နှစ်တိုင်း ခွဲဝေဆောင်ရွက်လျက် ရှိပါတယ်။ ကျောက်တော်မြို့မ ဈေးလမ်းဧရိယာကို အဖီထိုးပြီးတော့ ပစ္စည်းများခင်းကျင်းခဲ့မှု၊ လမ်းအလယ်မှာ ရောင်စုံထီးကြီးများ စိုက်ထူခဲ့မှု ရှိခဲ့သော်လည်းပဲ ၎င်းတို့အား ဈေးဝန်ထမ်းများဖြင့် ကြီးကြပ်ကာဖယ်ရှားခြင်း၊ ဈေးဝယ်သူများ လွယ်ကူစွာသွားလာရေးအတွက် စဥ်ဆက်မပြတ် ဖယ်ရှား ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် အနောက်ဘက်မှာရှိတဲ့ လူသွားလမ်းကို မျက်နှာပြုပြီးတော့ ရေမြောင်းကို ခွထားတဲ့ ဆိုင်ခန်းပိုင်ရှင်များသည် လမ်းဧရိယာသို့ ယာယီအဖီထိုးပြီးတော့ ပစ္စည်းများ ခင်းကျင်းထား ခြင်းကိုလည်း ဖယ်ရှားပြီး လမ်းအလယ်မှာ ရောင်စုံထီးကြီးများနဲ့ နေ့ရောင်း၊ ညသိမ်းစနစ်ဖြင့်

ဆောင်ရွက်ခဲ့ပါတယ်။ သားငါးဈေးတန်းမှ ရေဆိုးထွက်ပေါက်ဟာ ကစ္ဆပနဒီမြစ်သို့ စီးဆင်းရန် ပေ(၂၅၀၀)ခန့် ကွာဝေးပြီးတော့ လက်ရှိရေမြောင်းမှာလည်း ပျက်စီးလာနေသဖြင့် ဆောင်းရာသီနှင့် နွေရာသီမှာ ငါးဈေးတန်း မြောက်ဘက်မြေကွက်လပ်မှာ (၁၅x၁၅x၈)ပေခန့် မြေကျင်းတူးပြီးတော့၊ အဖုံးတပ်ဆင်ပြီးတော့ အနံ့အသက်ရေဆိုးများ မထွက်အောင် ယာယီဆောင်ရွက်လျက်ရှိပြီးတော့ ရေဆိုးရေညစ်များကို ရေပိုက် (သို့မဟုတ်) အုတ်ရေမြောင်းများဖြင့် မြစ်ထဲကို စွန့်ပစ်နိုင်ရေး အတွက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**လူမျိုးစာရင်း မှန်ကန်မှု ပြန်လည် ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲမှတ်သားပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က လူမျိုးစာရင်း မှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲ မှတ်သားပေးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပြီးတော့ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနဲ့ ထာဝစဉ် ပြည့်စုံခညောင်းနိုင် ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်း

ကတော့ လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲသတ်မှတ်ပေးနိုင်မည့် အစီအစဉ် ရှိမရှိကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကမ္ဘာ့နိုင်ငံ အသီးသီးမှာ နိုင်ငံတစ်နိုင်ငံချင်းမှ အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအသီးသီး ရှိကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာလည်းပဲ နိုင်ငံတော်မှ အသိအမှတ်ပြု သတ်မှတ်ထားတဲ့ တိုင်းရင်းသားပေါင်း (၁၃၅)မျိုး ရှိပါတယ်။ အဲဒီ တိုင်းရင်းသားများဟာ ဆိုလို့ရှိရင် မိမိတို့မှ အမြတ်တနိုး၊ ဂရုတစိုက်၊ အထူးကြိုးစားသိမ်းဆည်းထားတတ်တဲ့ အိမ်ထောင်စုစာရင်းများနှင့် မှတ်ပုံတင်များဆိုတာ ရှိကြပါတယ်။ သို့သော် ထိုသို့ပင် ရှိငြားသော်လည်းပဲ မိမိတို့ရဲ့ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်တို့တွင် မှတ်သားထားသော လူမျိုးစာရင်းမှန်ကန်ပါမှ မိမိတို့ ရသင့်၊ ရထိုက်သော အခွင့်အရေး၊ ဖြစ်သင့် ဖြစ်ထိုက်သော အခြေအနေများ ရရှိခံစားရမည်ဖြစ်ကြောင်း သိရှိနားလည်မှု နည်းပါးကြပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လူဦးရေစာရင်းနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၃၀-၃-၂၀၁၄ ကနေပြီးတော့ ၁၀-၄-၂၀၁၄ အတွင်း နိုင်ငံတော်မှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကောက်ယူရာမှာ၊ အဲဒီလို ကောက်ယူရာမှာ အထောက်အကူဖြစ်စေဖို့နဲ့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းလူမျိုးဦးရေ စာရင်းအမှန်ရရှိရေးတို့ကို ရည်ရွယ်ပြီးတော့ ရှမ်းလူမျိုးဦးရေစာရင်း အမှန်ကောက်ယူရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး၊ Shan Real Population Collecting Committee (Yangon Region)မှ တိုက်ကြီးမြို့နယ်သို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌လည်းကောင်း၊ တွံတေးနဲ့ ကော့မှူးမြို့နယ်များသို့ ၂၀၁၄၊ မတ်လ စောစောပိုင်း ကာလအတွင်း၌လည်းကောင်း ကွင်းဆင်းရှေ့ပြေးဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖော်ပြပါ မြို့နယ်များသို့ ရှမ်းလူဦးရေစာရင်း အမှန်ကောက်ယူရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးမှ ကွင်းဆင်းရှေ့ပြေးဆောင်ရွက်ခဲ့ရာမှာ အောက်ဖော်ပြပါ သိရှိထားသော အချက်အလက်များအရ ဒေသခံတိုင်းရင်းသားများဘက်မှလည်း မှားယွင်းစွာ လက်ခံထားရှိသော လူမျိုးစာရင်း ပြန်လည် မှန်ကန်မှု ရရှိစေရေးအတွက် ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရှိရပါတယ်။

သိရှိရတဲ့ အချက်အလက်များမှာ ဆိုလို့ရှိရင် (က) တိုက်ကြီးမြို့နယ်၊ ရှမ်းရွာ (၁၃)ရွာကျော်၌ ရှမ်း အိမ်ထောင်စုစာရင်းပေါင်း (၃၀၀၀)ကျော်ရှိရာ အိမ်ထောင်စုစာရင်း (၂၀၀၀)ကျော်တို့၏ အိမ်ထောင်ဦးစီးတို့ဟာ ရှမ်းလူမျိုးစစ်စစ် ဖြစ်ကြသော်လည်းပဲ ၎င်းတို့၏ အိမ်ထောင်စုစာရင်းတွင် ဗမာ ဟု ရေးမှားဖော်ပြထားခြင်း။ (ခ) တွံတေးမြို့ ရှမ်းရွာ (၅)ရွာနှင့် ကော့မှူးမြို့နယ်၊ ရှမ်းရွာ (၇)ရွာတို့၌ ရှမ်းအိမ်ထောင်စုစာရင်းပေါင်း (၂၀၀၀)ကျော်ရှိရာ အိမ်ထောင်စုစာရင်း(၈၀၀)ကျော်တို့၏ အိမ်ထောင်ဦးစီးတို့ဟာ ရှမ်းလူမျိုး အမှန်တကယ်ဖြစ်ပါလျက်နှင့် ၎င်းတို့ရဲ့ အိမ်ထောင်စုစာရင်းတွင် ဗမာ ဟု ရေးမှားဖော်ပြထားခြင်း ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမှားယွင်းမှုများဟာ နောက်လာမယ့် ၂၀၁၅ ခုနှစ်အတွက် ရသင့် ရထိုက်သော၊ ဖြစ်သင့် ဖြစ်ထိုက်သော တိုင်းရင်းသားရေးရာဝန်ကြီးများအတွက် အဟန့်အတားများ ဖြစ်ပါကြောင်း သုံးသပ်ရမိပါတယ်။ ရှမ်းတိုင်းရင်းသားများသည် တောင်ပေါ်၊ မြေပြန့်တွင်သာမက ရေကြည်ရာ မြက်နုရာဆိုသလို မြန်မာပြည် တစ်နံတစ်လျား ပြန့်ကျဲများစွာ နေထိုင်လျက် ရှိပါတယ်။ မိမိတို့ရောက်ရှိ အခြေချနေထိုင်ရာ ဒေသတိုင်းမှာ မိမိတို့ရဲ့ ဓလေ့၊ ရိုးရာ

ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားများ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ရှိကြပါတယ်။ ရှမ်းဖြစ်ခြင်း၌ ဇာတိဂုဏ်၊ လူမျိုးဂုဏ်၊ သမိုင်းဂုဏ် ယနေ့တိုင် ရှိနေဆဲ ဖြစ်ပါတယ်။ သို့သော် လူမျိုးစာရင်းများယွင်းစွာ ထည့်ခြင်းခံရထားသော အိမ်ထောင်စုစာရင်းနှင့်မှတ်ပုံတင် စသည့်အကြောင်းတရားတို့ဟာ တိုင်းရင်းသားတစ်မျိုးနွယ်လုံးရဲ့ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားတို့ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အကျိုးတရားရှိအောင် အကောင်အထည်ဖော်ဆောင်ရာမှာ နှောင့်နှေးကြန့်ကြာစေပါတယ်။ မိမိတို့ရဲ့ လူမျိုးအမှန် ပြန်လည်ဖော်ထုတ်ရေးအတွက် နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မေးလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ (၁) ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးအမည်များယွင်းစွာ ဖော်ပြထားမှုကို လူမျိုးစာရင်းမှန်ကန်စွာ ပြန်လည်ဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် (၂) ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရှမ်းတိုင်းရင်းသားတို့ရဲ့ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်းမှားယွင်းမှုများ ရှိနေလျှင် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ။ (၃) အကယ်၍ ရှိမည်ဆိုလျှင် ရှမ်းတိုင်းရင်းသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည် ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်ရေးအတွက် မည်သည့်အချိန်အခါတွင် ဆောင်ရွက်ပေးမည့်အကြောင်း သိရှိလို၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းပြည်အကျိုးနဲ့ ရှမ်းတိုင်းရင်းသားများ အကျိုးတို့အတွက် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၉။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းဝင်းမောင် ရဲ့ မေးခွန်း(၃)ခုကတော့ မေးခွန်း(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးအမည် မှားယွင်းစွာ ဖော်ပြထားမှုကို လူမျိုးစာရင်း မှန်ကန်စွာ ပြန်လည်ဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ သတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ။ မေးခွန်း(၂) ကတော့ ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့ရဲ့ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်း မှားယွင်းမှုများရှိနေလျှင် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ သတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် မေးခွန်း(၃)ကတော့ အကယ်၍ ရှိမည်ဆိုလျှင် ရှမ်းတိုင်းရင်းသားများရဲ့ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်ရေးအတွက် မည်သည့်အချိန်အခါတွင် ဆောင်ရွက်ပေးမည့်အကြောင်း သိရှိလိုပါကြောင်း မေးမြန်းခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်နဲ့ ပတ်သက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားများရဲ့ မှတ်ပုံတင်ဆောင်ရွက်ရာ၌ လူမျိုးရေးသွင်းခြင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၊ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တို့မှလည်း အထက်ပါအတိုင်း မေးမြန်းခဲ့သည်ဖြစ်၍ အဆိုပါမေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်သည့်အပြင် လူမျိုးရေးသွင်းမှု မှားယွင်းနေပါက ကာယကံရှင်များမှ လူမျိုးအမှန် ပြင်ဆင်ပေးရန် အထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနဲ့အညီ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းလည်း ဖြေကြားခဲ့ပြီးကြောင်း တင်ပြအပ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းပုံစံ၊ နိုင်-၂ အပါအဝင်ရုံးမှတ်တမ်းများ ရေးသွင်းမှတ်တမ်းတင်ခြင်းနဲ့ ပတ်သက်၍ အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

မှတ်ပုံတင်စာရင်းများမှာ ရေးသွင်းရသည့်အချက်အလက်များဟာ နိုင်ငံသား အရည်အချင်း ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်တိကျမှုနှင့် အငြင်းပွားဖွယ်ရာ မဖြစ်စေရန်အတွက် ကာယကံရှင်၏ တရားဝင် ပြောဆိုတင်ပြချက်များကို အခိုင်အမာရယူကာ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စိစစ်၍ မိမိတို့ဝန်ထမ်းပိုင်းက ရေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရခြင်းသာဖြစ်ပြီး ကာယကံရှင်မှ လျှောက်ထားချက်များမှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးရပါတယ်။ လူမျိုးရေးသွင်းမှုနဲ့ ပတ်သက်၍ နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းပုံစံ၊ နိုင်-၂ ပါ အကြောင်းအရာများ ရေးသွင်းခြင်းဆိုင်ရာ ညွှန်ကြားချက်အရ လုပ်ဆောင်မှုနည်းစနစ် (၅)ခု ရှိပါတယ်။ ပထမတစ်ခုကတော့ မှတ်ပုံတင်သူ၏ လူမျိုးကို အတိအကျရေးသားဖော်ပြရပါမယ်။ (၂)ကတော့ ကပြားဖြစ်ပါက ဖခင်လူမျိုးကို ရှေ့ကထားပြီးတော့မှ မိခင်လူမျိုးအမည်ကို နောက်ကထား၍ ယှဉ်တွဲဖော်ပြရပါတယ်။ ဥပမာ - တရုတ်/ဗမာ ဖြစ်ပါတယ်။ (၃) အချက်ကတော့ ဖခင်နှင့် မိခင်ပါ ကပြား ဖြစ်ပါက အထက်က နည်းအတိုင်းပင် ရေးသားရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဗမာ+တရုတ်/ အင်္ဂလိပ်+ဗမာ ဖြစ်ပါတယ်။ (၄)က တိကျခွဲခြားစွာ ဖော်ပြရန်

ခက်ခဲနေသူများ၏ လူမျိုးအမည် ရေးသွင်းရာတွင် ဖခင်၏ လူမျိုးအမည်ကို ရေးသားရမှာ ဖြစ်ပါတယ်။ (၅)ကတော့ လျှောက်ထားသူ လျှောက်လွှာရှင်၏ တရားဝင်ပြောဆိုချက်ကို အထောက်အထားဖြင့် စိစစ်ပြီး မှတ်တမ်းတင်ရေးသားရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် လူမျိုးအမည်ရေးသွင်းခြင်းဟာ ရေးသွင်းသူက မိမိသဘောဖြင့် စတင်ရေးသား ရခြင်းမဟုတ်ဘဲ မိဘ အထောက်အထားနှင့် ရှေ့နောက်ညီညွတ်မှန်ကန်သည့် ကာယကံရှင်တို့၏ ပြောဆိုချက်အတိုင်းသာ ရေးသွင်းပေးရခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ အကြောင်းကြောင်းကြောင့် လူမျိုးမှားယွင်းနေမှုများ ရှိပါကလည်း လူမျိုးအမှန် ပြင်ဆင်ပေးနိုင်ရေးအတွက် မိမိဝန်ကြီးဌာနမှာ လုပ်ထုံးလုပ်နည်းများရှိပြီး ဖြစ်သည့်အပြင် လက်ရှိတွင်လည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကာယကံရှင်များရဲ့ ပုဂ္ဂိုလ်ရေး၊ ကိုယ်ရေးအချက်အလက်များ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကာယကံရှင်များကိုယ်တိုင် ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြလျှောက်ထားလာပါက ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

မိုးပွင့် အဆင့်(၅) စီမံချက်တွင်လည်းပဲ အိမ်ထောင်စုစာရင်းဆိုင်ရာလုပ်ငန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများအပြင် လူမျိုးမှားယွင်းနေသည်ဆိုသူများအတွက်လည်းပဲ ခိုင်လုံသောအထောက်အထားများဖြင့် လူမျိုးအမှန် ပြင်ဆင်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်းလည်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး ပထမမေးမြန်းချက်နဲ့ ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့မှာ လူမျိုးအမည် မှားယွင်းစွာ ဖော်ပြထားမှုကို လူမျိုးစာရင်း မှန်ကန်စွာ ပြန်လည်ဖြစ်ပေါ်ရေးအတွက် လူမျိုးအမှန် ပြန်လည်ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ အစီအစဥ်များ ရှိပြီးဖြစ်ပါကြောင်းနှင့် ကာယကံရှင်များမှ မိမိတို့ရဲ့ ကိုယ်ရေးအချက်အလက်များ၊ ခိုင်လုံသော အထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဒုတိယမေးမြန်းချက်နဲ့ ပတ်သက်၍ လူမျိုးအမှန် ပြင်ဆင်ခြင်းဟာ ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့သာမက မြန်မာတစ်ပြည်လုံးတွင် တိုင်းရင်းသားအားလုံးတို့အား အထက်အပိုဒ်တွင် တင်ပြသကဲ့သို့ စီစဥ်ဆောင်ရွက်ပေးနေပါကြောင်းလည်း ဖြေကြားလိုပါတယ်။ မေးခွန်း(၁) နှင့် (၂) တို့နှင့် ပတ်သက်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်း မှားယွင်းမှုများရှိနေသဖြင့် ဆောလျင်စွာ ပြန်လည်ပြုပြင်ရန်မှာ သက်ဆိုင်ရာ အိမ်ထောင်စုဝင် မိသားစုများမှ လူမျိုးအမည် ပြောင်းလဲရေးနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားရမည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

မေးခွန်း(၃)နဲ့ ပတ်သက်၍ ရှမ်းတိုင်းရင်းသားများ၏ ရသင့် ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲနိုင်ရေး အတွက် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နိုင်ငံ တစ်ဝန်းမှာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ပြီး ဖြစ်ပါတယ်။ ကောက်ယူရရှိခဲ့သည့် အချက် အပေါ်မှာ လူမျိုးစာရင်း မှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်လည် ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည့် အစီအစဉ်လည်းရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ယခုအခါမှာ သန်းခေါင်စာရင်းနဲ့ ပတ်သက်ပြီးတော့မှ စာရင်းဇယား ပြုစုခြင်းလုပ်ငန်း (Data Processing)ကို ဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်မှာ အိမ်ထောင်စုပေါင်း (၁၂)သန်းခန့်ရှိပြီးတော့မှ နိုင်ငံတစ်ဝန်း စာရင်းကောက်ကွက်ပေါင်း (၈၁၀၀၀)အား လူ၊ လှည်း၊ သမ္ဗန်၊ မော်တော်ကား၊ လေယာဉ်စသဖြင့် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းများဖြင့် ကောက်ကွက်မှတစ်ဆင့် ရွာ၊ ယင်းမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုအထိ အဆင့်ဆင့် သယ်ယူ ရသည့် လုပ်ငန်းပမာဏဟာ အင်မတန် ကြီးမားသည့်အတွက်ကြောင့်မို့လို့ ယခုနှစ် မေလကုန်မှသာ ကျွန်တော်တို့ ဝန်ကြီးဌာနသို့ အစုံအလင် ရောက်ရှိခဲ့ပါတယ်။

သို့ဖြစ်၍ စာရင်းကောက်များ၏ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ် ထောင်စု၊ လူဦးရေ စာရင်းအချုပ်များပြုစု၍ ရှေ့ပြေးလူဦးရေ စာရင်းဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လကုန် ခန့်တွင် ထုတ်ပြန်နိုင်မည် ဖြစ်ပါတယ်။ တိကျစွာ တရားဝင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း လည်း တင်ပြအပ်ပါတယ်။ ရောက်ရှိလာခဲ့တဲ့ မေးခွန်းပုံစံများကို Optical Mark Recognition စက်သို့ တိုက်ရိုက်ထည့်သွင်းလျှင် စက်မှဖတ်၍ မရတဲ့အတွက်ကြောင့်မို့လို့ တစ်ရွက်ချင်းအား စက်မှ ဖတ်ရန်အတွက် လူအင်အားဖြင့် နေ့၊ ည အဆိုင်းခွဲ၍ ပြန်လည်ပြင်ဆင်ရပါတယ်။ ပြင်ဆင်ပြီး မေးခွန်း များကို တစ်နေ့မှာ ရွက်ရေ(၁၂၀၀၀၀)ကျော် စက်မှဖတ်ပြီးတော့မှ သိမ်းဆည်းထားနိုင်ပါတယ်။ OMR စက် (၈)လုံးရဲ့ အမြင့်ဆုံး စွမ်းဆောင်ရည်လည်း ဖြစ်ပါတယ်။ လူအင်အားများတဲ့ အိန္ဒိယနိုင်ငံသည် ပင်လျှင် လူသန်း(၅၀)မှာ စက်(၂)လုံးသာ အသုံးပြုတာကို သိရှိရပါတယ်။ တစ်နေ့လျှင် မေးခွန်းပုံစံ (၁၂၀၀၀၀)စက်မှဖတ်၍ ရသော်လည်းပဲ ရေးသွင်းချက်များဟာ ရာနှုန်းပြည့်မှန်သည်ဟု ယူဆ၍ မရပါ။ မသေချာသည့် အချက်အလက်များအား ပြန်စစ်ရသည့် Key Correction လုပ်ငန်းမှာ နေ့စဉ် (၉၀၀၀၀)ကျော်ခန့်သာ လုပ်ဆောင်နိုင်သည်ဖြစ်၍ ယင်းလုပ်ငန်းစဉ်ဟာလည်း (၅)လကျော်၊ (၆)လ ခန့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

ယင်းလုပ်ငန်းများ ပြီးပါက Editing လို့ခေါ်တဲ့ တည်းဖြတ်ခြင်း လုပ်ငန်းအား ဆောင်ရွက် မည် ဖြစ်ပြီးတော့မှ ဇယားများတည်ဆောက်ခြင်းလုပ်ငန်း Tabulation လုပ်ငန်းကိုလည်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါတယ်။ စာရင်းဇယားပြုစုခြင်း လုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ အပြီး ဆောင်ရွက်နိုင်ရန် ခန့်မှန်းထားပါတယ်။ ဆန်းစစ်လေ့လာခြင်းနှင့် ဇယားများတည်ဆောက်ခြင်း၊ အခြေ ခံလူဦးရေစာရင်းများ ထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ်၊ ပထမ(၄)လပတ်အတွင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သန်းခေါင်စာရင်း ကောက်ယူရာမှာ အခြေခံသတ်မှတ်ထားတဲ့ Code ဖြင့် ကောက်ယူခဲ့သော တိုင်းရင်းသား လူမျိုးစု၊ မျိုးနွယ်စုများဟာ အပြောင်းအလဲရှိနိုင်ပါတယ်။ ယင်းစာရင်းများကို စာရင်းဇယားများပြုစုခြင်းလုပ်ငန်းမှ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့် ပတ်သက်၍ ထွက်ရှိလာသည့် စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံ၊ သတ်ညွှန်း မှားနေခြင်း၊ လူမျိုးစုအမည်သစ် ထပ်မံတိုးလာခြင်းနှင့် အချို့မှာ ပျောက်ကွယ်သွားခြင်းတို့အပေါ်မှာ မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီ ဆောင်ရွက်ချက်များ ရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြန်လည် သုံးသပ်ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယင်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများစာရင်း ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် ရဲ့ မေးခွန်းနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တွေကို နည်းဥပဒေ ၁၁၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပေါင်းတည် - မှတ်တိုင် - ပေါက်တောလမ်း အရှည် (၁၀)မိုင်အား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး က ပေါင်းတည် - မှတ်တိုင် - ပေါက်တောလမ်း အရှည် (၁၀)မိုင်အား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ တက်ရောက်လာသော ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာပြီးတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပါမောက္ခ ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမယ့်ဥစ္စာကတော့ ပေါင်းတည်မှတ်တိုင် ပေါက်တောလမ်းအရှည် (၁၀)မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးရန်ကိစ္စ ဖြစ်ပါတယ်။ ဒီလမ်းမဟာ အရှည်(၁၀)မိုင်ရှိပြီးတော့ ပေါင်းတည်ဘက်ကနေမှတ်တိုင်အထိ (၇)မိုင်ရှည်ပါတယ်။ တစ်ခါ ခရိုင်ချင်းဆက် လမ်းကနေပြီးတော့ ပေါက်တောကနေ မှတ်တိုင်အထိ (၃)မိုင် ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မှတ်တိုင်မှာ (၁၆) ခုတင်ဆံ့ ဆေးရုံရှိပါတယ်။ အထက်တန်းကျောင်းများလည်း ရှိပါတယ်။ ဒါကြောင့် ခရိုင်ချင်းဆက်လမ်းကို အသုံးပြုပြီးတော့ ပေါက်တောလမ်းကနေ ကျွန်တော်တို့ ကျေးရွာရှိ ပြည်သူလူထုတွေဟာ ဒီမှတ်တိုင်ကို လာပြီးတော့ပေါင်းတည်ကို သွားနေရပါတယ်။ ပေါင်းတည်ဘက် ကလည်း မှတ်တိုင်ကို (၇)မိုင်ဘေးမှာရှိတဲ့ ကျေးရွာတွေကနေပြီးတော့ စီးပွားရေး၊ လူမှုရေး အားလုံး ဒီလမ်းကို အသုံးပြုနေတာဖြစ်ပါတယ်။

အဲဒီတော့ ဒီလမ်းဟာ ယခု ပေါင်းတည်ဘက်နေ (၂) မိုင်လောက်ကို ကတ္တရာခင်းပါတယ်။ အရင်တုန်းကတော့ တောက်လျှောက်ကတ္တရာလမ်း ဖြစ်ပါတယ်။ အခုအခါမှာ တော်တော်လေး ဆိုးဝါးပြီးတော့ ဒေသခံပြည်သူတွေအနေနဲ့ ဒီလမ်းကို ပြုပြင်ပေးဖို့ အလွန်ပဲဆန္ဒပြင်းပြပါတယ်။ ဒီ ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့မှာ ကြယ်ပွင့်မပြ မေးခွန်းနဲ့မေးခဲ့ပါတယ်။ ထိုအချိန်က ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ပြီးစီးချိန်ကာလနီးကပ်၍ အခြားကိုယ်စားလှယ်တော်ကြီးများနဲ့အတူ ကျွန်တော်တို့အားလုံးက ကြယ်ပွင့်ပြမေးခွန်းကို ကြယ်ပွင့် မပြမေးခွန်းအဖြစ် ပြောင်းလဲပြီး လုပ်ခဲ့ပါတယ်။

အဲဒီလိုလုပ်တဲ့အခါမှာ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၃ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး အစိုးရက ပြန်ကြားစာ ပေးပို့လာပါတယ်။ ပေးပို့လာတာကတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကုန်ကျငွေ (၅၆၂.၄)သန်းကို လျာထားနိုင်ခြင်းမရှိသဖြင့် ပြည်ထောင်စုနိုင်ငံတော် အစိုးရမှ ထောက်ပံ့ငွေရရှိမှသာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဒီလိုပဲ ပြန်လာပါတယ်။ ထိုကိစ္စနဲ့ ပတ်သက်ပြီးတော့ ရန်ပုံငွေသတ်မှတ်နိုင်ရေးအတွက် ကျွန်တော်ကိုယ်တိုင် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကိုယ်တိုင်သွားပြီးတော့ အဆိုပါကိစ္စအား တင်ပြခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် စီမံကိန်းနဲ့ဘတ်ဂျက်များ ဆုံးဖြတ်ချက်မချမီ ပြည်ထောင်စုလွှတ်တော် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ပြည်ထောင်စုလွှတ်တော် ကျင်းပ နေစဉ် ကျွန်တော်တင်ပြခဲ့ပါတယ်။ ထို့အတူပဲ လွှတ်တော်ကျင်းပနေစဉ်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ အဆင့်မြင့်ပုဂ္ဂိုလ်များကို စာရွက်စာတမ်းများနဲ့အတူ တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြချက်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ပြည်ခရိုင်ခရီးစဉ်မှာ ညွှန်ကြားခဲ့တဲ့ ညွှန်ကြားချက်လည်း ပါဝင်ပါတယ်။ သို့သော် ယနေ့အထိ သက်ဆိုင်ရာဌာနမှ နှုတ်ဖြင့် (၂) မိုင်၊ (၃) မိုင် ဒီလိုနှုတ်စကားဖြင့် ပြောသော်လည်း ခိုင်လုံသော အထောက်အထား မရှိသေးတဲ့အတွက် ဒီဥစ္စာကို ဒီလမ်းကို အသုံးပြု နေတဲ့ပြည်သူများကလည်းပဲ ဒီလမ်းကို အမြန်ဆုံး ၂၀၁၄-၂၀၁၅ ခုနှစ် အတွင်း စတင်ပြုပြင်နိုင်ရေး အတွက် ပြင်းပြသောဆန္ဒများကို ထုတ်ဖော်ပြသခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အထက်ပါတင်ပြချက်အပေါ်မှာ အခြေခံပြီးတော့ အောက်ပါ မေးခွန်းများကို မေးရပါတယ်။ (က)ပေါင်းတည်မှတ်တိုင်၊ ပေါက်တောလမ်းအရှည် (၁၀)မိုင်အား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ရေးအတွက် အမှန်တကယ်ကတော့ ဆောင်ရွက်ပေး

ပါရန် မေတ္တာရပ်ခံအပ်ပါတယ် သို့သော်မေးခွန်းအနေနဲ့ကတော့ အစီအစဉ်ရှိ၊ မရှိ ဖြစ်ပါတယ်။ (ခ) လမ်း(၁၀)မိုင်စလုံးအား ဆောင်ရွက်နိုင်မှုမရှိလျှင် ၂၀၁၄ ခုနှစ်တွင် ပေါင်းတည်မှမှတ်တိုင်(၇)မိုင် ဆောင်ရွက်ပေးရန်နဲ့ ၂၀၁၅ ခုနှစ်၊ ပထမ (၆)လအတွင်း ဆက်လက်ပြီးတော့ ကျန်(၃)မိုင်ကို အပြီးသတ် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံရင်းနဲ့ ထိုအစီအစဉ် ရှိ၊ မရှိကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ-အနန်းပင်ဘုန်းကြီးကျောင်း-ငှက်ချေးချောင်းအထိ မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်အောင် ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး က ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ-အနန်းပင်ဘုန်းကြီးကျောင်း-ငှက်ချေးချောင်း အထိ မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်အောင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဗိုလ်မှူးကျော်နိုင်ဌေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၂၉၂၀၉ ဗိုလ်မှူး ကျော်နိုင်ဌေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်း ကျေးရွာ-အနန်းပင် ဘုန်းကြီးကျောင်း-ငှက်ချေးချောင်းအထိ မြေသားလမ်းအား ရာသီမရွေး သွားလာ နိုင်အောင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်နေချိန်တွင် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ငန်းစဉ်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီး မိန့်ကြားသည့် မိန့်ခွန်းထဲမှ မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမရှိစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုသည့် လုပ်ငန်းစဉ်(၈)ရပ်မှာ လယ်ယာထုတ်ကုန် ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသထုတ်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့နှင့်ကျေးရွာချင်းဆက်လမ်းများမှာ မဖြစ်မနေ ဆောင်ရွက်ရမည့် အချက်ပင် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ လမ်းနှင့်သက်ဆိုင်သည့် ကျေးရွာများမှာ ငှက်ချေးချောင်းကျေးရွာတွင် အိမ်ခြေ(၆၉)စု လူဦးရေ (၂၄၆)ဦး၊ ခနုံးချောင်းကျေးရွာတွင် အိမ်ခြေ(၃၉)စု၊ လူဦးရေ (၁၄၆)ဦး၊ ရွာသစ် ကုန်းကျေးရွာတွင် အိမ်ခြေ(၁၆၀)စု လူဦးရေ (၅၅၉)ဦး၊ စမ်းကြီးကုန်းကျေးရွာ တွင် အိမ်ခြေ (၁၀၀)စု လူဦးရေ (၃၉၁)ဦး၊ မဒေါ့ချောင်းကျေးရွာတွင် အိမ်ခြေ(၆၇)စု လူဦးရေ(၂၅၈)ဦး၊ ငရုံ့ကျော်ကျေးရွာ အိမ်ခြေ (၂၇)စု၊ လူဦးရေ (၉၈)ဦးနှင့် စမ်းကန့်လန့်ကျေးရွာအိမ်ခြေ(၈၁)စု လူဦးရေ (၃၂၁)ဦးတို့ နေထိုင်လျက်ရှိပြီး ပုသိမ်မြို့အတွင်းသို့ သွားလာရန်အတွက် ဝါးယားချောင်း-ကမ်းနားလမ်း-ပုသိမ်မြို့ကားလမ်းသို့ ဆက်သွယ်သည့် လမ်းအရှည် (၆၉၀၀)ပေ၊ အကျယ် (၁၈)ပေ၊ အမြင့် (၅)ပေ ရှိတဲ့ မြေသားလမ်းအား ကျေးရွာလူထုလုပ်အားဖြင့် ၂၀၁၁ ခုနှစ်တွင် လမ်းမြေဖို့ခြင်းလုပ်ငန်းအတွက် ငွေကျပ် (၁၀)သိန်း၊ ၂၀၁၂ ခုနှစ်တွင် ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် (၂၅)သိန်း၊ ၂၀၁၃ ခုနှစ်တွင် လမ်းမြေဖို့ခြင်းလုပ်ငန်းအတွက် ငွေကျပ်(၅)သိန်းနှင့် ၂၀၁၄ ခုနှစ်တွင် ကျန်လမ်းများ မြေဖို့ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း(၂၀)၊ စုစုပေါင်းကုန်ကျငွေ (၆၀)သိန်း ခန့်ဒေသခံကျေးရွာနေ ပြည်သူများမှ စုပေါင်း၍ အကုန်အကျခံဆောင်ရွက်ခဲ့သဖြင့် မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပါတယ်။

အဆိုပါဒေသခံကျေးရွာလူထုအင်အားဖြင့် တည်ဆောက်ထားသည့် မြေသားလမ်းကြောင့် ကျေးရွာတွင် နေထိုင်လျှက်ရှိသော ဒေသခံများမှ ကုန်စည်ကူးသန်းရေး၊ လယ်ယာထုန်ကုန်ပစ္စည်းများနှင့် ဒေသထွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံများအား မြို့ပေါ်ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ အဖက်ဖက်မှ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ၎င်းကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ခဲ့သည့် သက်တမ်းမှာ ကြာမြင့်မှု မရှိသေးခြင်း၊ ဒေသခံကျေးရွာသူ ကျေးရွာသားများမှာ အသုံးပြုသွားလာမှု များပြားခြင်းတို့ကြောင့် နွေရာသီတွင် သွားလာရေးအတွက် လွယ်ကူချောမွေ့သော်လည်း မိုးတွင်းကာလ၌ လမ်းမပေါ်တွင် ရေတင်နေ၍ ဗွက်ပေါက်ခြင်း၊ မြေသားလမ်းဖြစ်၍ ချိုင့်ခွက်အများအပြား ဖြစ်ခြင်းတို့ကြောင့် သွားလာရာတွင် များစွာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဒေသခံကျေးရွာပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အဓိက အထောက်အကူဖြစ်သည့် အဆိုပါကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ပါက ဒေသခံကျေးရွာနေပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းသာကြမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများလိုလားတောင့်တနေသော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ရွာသစ်ကုန်းကျေးရွာ-အနန်းပင် ဘုန်းကြီးကျောင်း၊ ငှက်ချေးချောင်းကျေးရွာအထိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ရာသီမရွေးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ ကို ဒေသခံကျေးလက်နေပြည်သူများ ကိုယ်စား သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း (၁)မိုင်ခန့်အား (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်ဝင်း က ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း (၁)မိုင်ခန့်အား (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဗိုလ်မှူးသက်ဝင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း- ၃၅၃၅၇ ဗိုလ်မှူးသက်ဝင်း ဖြစ်ပါတယ်။ ယခုလို ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၆) ရက်မြောက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးခွင့်ရရှိတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အတွင်းရှိ ကျုံတူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း (၁)မိုင် ခန့်အား (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်တိုင်း ဒေသကြီး၊ ခရမ်းမြို့နယ်အတွင်းရှိ ကျုံတူးကျေးရွာ၊ ကြာဂယက်ကျေးရွာ၊ ခင်တန်းကျေးရွာနှင့် ကွင်းထဲနေထိုင်သူ အပါအဝင်စုစုပေါင်း အိမ်ခြေ(၃၈၅)လုံးနဲ့ အိမ်ထောင်စု (၃၉၉) စုရှိပါတယ်။ လူဦးရေအားဖြင့် ကျား/မပေါင်း (၁၆၃၃) ဦးနေထိုင်လျက် ရှိပါတယ်။ ယခင်တုန်းကကျွန်တော်တို့ ကျေးရွာချင်းဆက်လမ်းတွေကိုတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ပဲ နိုင်သလောက်လုပ်အားနဲ့ပဲ ဖောက်လုပ် ခဲ့တာ ဖြစ်ပါတယ်။ ရွာသူ၊ ရွာသားများအနေဖြင့် ကျန်းမာရေးအရသော်လည်းကောင်း၊ မြို့ပေါ်သို့ သွားရောက်ဆောင်ရွက်ရသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရတဲ့အခါမှာသော်လည်းကောင်း ဒီလမ်းကို အသုံးပြုရပါတယ်။ ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်း တစ်ကျောင်းသာ ရှိပါတယ်။ အခြေခံပညာ မူလတန်းအဆင့် အောင်မြင်ပြီးလို့ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာများကို သွားရောက်သင်ယူရမယ့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တမံကြီးကျေးရွာနှင့် ခရမ်းမြို့များသို့ သွားရောက်ပြီးတော့မှနှစ်စဉ် ပညာသင်ယူရပါတယ်။ တချို့က ဆိုလို့ရှိရင်တော့ ကျွန်တော်တို့မြို့နဲ့နီးတဲ့နေရာတွေ၊ ကျောင်းနဲ့နီးတဲ့ နေရာတွေမှာ အိမ်ခန်းတွေ ငှားပြီးတော့မှ နေကြရပါတယ်။ တချို့ကတော့ မိမိရဲ့အိမ်မှာနေပြီးတော့မှပဲ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ အသုံးပြုပြီးတော့မှ နေ့စဉ်ကျောင်းတက်၊ ကျောင်းဆင်းပြုလုပ်ကြပါတယ်။ အဲဒီလို ပြုလုပ်တဲ့အခါမှာ

ကျွန်တော်တို့ ကျေးရွာချင်းဆက်လမ်းလေးကိုပဲ အဓိက အသုံးပြုကြပါတယ်။ နွေရာသီမှာတော့ သွားလာရတာ အဆင်ပြေပေမယ့် မိုးရာသီမှာတော့ သွားလာရတာ အတော်ကို ခက်ခဲပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရွာသားတွေ အနေနဲ့ ကျန်းမာရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း၊ အခြား လူမှုရေး အရသော်လည်းကောင်း အဓိကအားထား အသုံးပြုနေရတဲ့လမ်းဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရ အနေဖြင့် အခုနက ကျွန်တော် တင်ပြခဲ့တဲ့ ကျေးရွာချင်းဆက်လမ်းကို ကျောက်ခင်းလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာနေပြည်သူတွေအနေဖြင့် များစွာ ကျေးဇူးတင် ဂုဏ်ယူမဆုံး ဖြစ်နေမှာပါ။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ကျေးရွာသူ၊ ရွာသားများရဲ့ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ ရန်ကုန်တိုင်း ဒေသကြီး ခရမ်းမြို့နယ်အတွင်းမှာရှိတဲ့ ကျုံတူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်း (၁)မိုင်ခန့်အား (၁၈)ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ် လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ဖောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန် ကာလတွင် ဖောက်လုပ်ပေးမည်၊ ဖောက်လုပ်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ဖောက်လုပ်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၅။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာကျန်းမာ ကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဦးစွာပထမ ဖြေကြားသွားမှာဖြစ်ကြောင်းတင်ပြပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး မှ ယခုလို ကျေးလက်ဒေသအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းပြီးတော့ မေးမြန်းသည့်အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ပေါင်းတည်မှတ်တိုင်-ပေါက်တောလမ်းဟာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကတ္တရာလမ်း (၂)မိုင်လည်း ပါ ပါတယ်။ ကျေးလက်ကျောက်လမ်းပျက်နေတာ(၈)မိုင် ဖြစ်ပါတယ်။ စုစုပေါင်းအရှည်

(၁၀)မိုင် ရှိပါတယ်။ ကျေးရွာ (၅၂)ရွာမှာရှိတဲ့ ပြည်သူလူထု (၂၄၈၃၅)ဦးတို့ကို အကျိုးပြုပါတယ်။ အဆိုပါကျေးလက်လမ်း(၈)မိုင်ကို ကတ္တရာခင်းမယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ(၇၆၈) သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ ယခုနှစ်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၁၉.၁၂၆) ဘီလီယံ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ လမ်းတံတားအရှည်နဲ့တင်ပြရရင် ကတ္တရာလမ်း(၂၁)မိုင် (၁)ဖာလုံ၊ ကျောက်ချောလမ်း (၁၅၂) မိုင်၊ မြေသားလမ်း (၂၇၀) မိုင်၊ (၆)ဖာလုံ၊ ကွန်ကရစ်တံတား(၆၀)ပေ၊ သစ်သားတံတား (၅၂၆၅) ပေ၊ ကွန်ကရစ်ရေကျော် (၈၅၉) ပေ နဲ့ ရေပြွန် (၈၈၀) တို့ကို ဆောင်ရွက်ရန် ခွင့်ပြုထားတာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထားတဲ့ ပေါင်းတည်မြို့နယ်အတွင်းမှာရှိတဲ့ ပေါင်းတည်-မှတ်တိုင်-ပေါက်တောလမ်း(၂)မိုင် ကတ္တရာခင်းခြင်းကို ယခု၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာခွင့်ပြုထားပြီးဖြစ်ပါတယ်။ ကျန်တဲ့ (၆)မိုင် ကျန်ပါတယ်။ အဲဒီကျန်တဲ့ လမ်းအရှည် (၆)မိုင်ကို ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့ လာမယ့် ၂၀၁၅-၂၀၁၆ မှာ ဦးစားပေးမှာ ထည့်သွင်းပြီးတော့၊ တောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်ပြီးတော့ တင်ပြခွင့်ပြုပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း-၂၉၂၀၉ ဗိုလ်မှူးကျော်နိုင်ဌေးရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ-အနန်းပင်ဘုန်းကြီးကျောင်း -ငှက်ချေးချောင်း မြေသားလမ်းဟာ (၁)မိုင်နဲ့ (၃)ဖာလုံပဲ ရှိပါတယ်။ ကျေးရွာ(၁၂)ရွာ၊ လူဦးရေ (၃၈၆၉)ဦးအား အကျိုးပြုပါတယ်။ အဆိုပါလမ်းဟာ ဒီကျောက်ချောလမ်းအဖြစ် ဆက်လက်ပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် (၈၆.၆၂၅) သန်းကုန်ကျမှာ ဖြစ်ပါတယ်။

ဒီဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၂၃.၃၄၉) ဘီလီယံ ခွင့်ပြုထားပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ ကတ္တရာလမ်း (၂၂)မိုင်၊ (၆)ဖာလုံ၊ ကျောက်ချောလမ်း(၂၆၆)မိုင် (၇)ဖာလုံ၊ မြေသားလမ်း (၁၄၂)မိုင် (၄)ဖာလုံ၊ ကွန်ကရစ်တံတား (၂၁၉၃)ပေ၊ သစ်သားတံတား (၈၅၆၄)ပေ နဲ့ ရေပြွန်(၂၈၅၈)ပေတို့ကို ခွင့်ပြုပြီးဖြစ်ပါတယ်။ ဒီပုသိမ်မြို့နယ် အချုပ်အနေနဲ့ ပြန်ကြည့်ရရင် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ဝန်ကြီး ဌာနအနေနဲ့ သန်း(၈၀) ကျွန်တော်တို့ ခွင့်ပြုထားတာရှိပါတယ်။

အဲဒီတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းတဲ့ ပုသိမ်မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာ အုပ်စုမှာပါတဲ့ ရွာသစ်ကုန်းကျေးရွာ-အနန်းပင်-ဘုန်းကြီးကျောင်း-ငှက်ချေးချောင်းလမ်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ မှာ ရန်ပုံငွေခွင့်ပြုထားတာ မရှိပါဘူး။ အဆိုပါကျောက်ချောလမ်းကို လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး အစီအစဉ် အလိုက် ထည့်သွင်းတောင်းခံသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ဆက်လက်ပြီးတော့ တင်ပြခွင့်ပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း-၃၅၃၅၇ ဗိုလ်မှူးသက်ဝင်း ၏မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် ကျုံတူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်သော လမ်းဟာ (၁)မိုင်နဲ့ (၂)ဖာလုံ ရှိပါတယ်။ ကျေးရွာ(၁၅) ရွာ၊ လူဦးရေ(၁၃၉၉၃)ဦး အကျိုးပြုပါတယ်။ အဆိုပါလမ်းကို ကျေးရွာရဲ့ ကိုယ်ထူကိုယ်ထလမ်းကနေ မြေသားလမ်း တိုးချဲ့ ဖောက်လို့ရှိရင် (၉)သန်းလောက် ကုန်ပါတယ်။ ကွန်ကရစ်လမ်းခင်းလို့ရှိရင် (၁၉၄.၁၅)သန်း ကုန်ကျမှာဖြစ်ပါတယ်။ စုစုပေါင်း (၂၀၃.၁၅) သန်းကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၉.၉၂) ဘီလီယံ ခွင့်ပြုထားပါတယ်။ လမ်းတံတားတွေကတော့ ကတ္တရာလမ်း(၄၅)မိုင်၊ (၁)ဖာလုံ၊ ကျောက်ချောလမ်း(၁၁)မိုင်၊ (၆)ဖာလုံ၊ မြေသားလမ်း(၉၃)မိုင်၊ (၅)ဖာလုံ၊ ကွန်ကရစ်တံတား အရှည် (၈၆၅)ပေ၊ သစ်သားတံတား အရှည် (၉၆၀)ပေနဲ့ ရေပြွန် (၅၀၀)ပေတို့ကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ခရမ်းမြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၄-၂၀၁၅၊ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၃၈၅.၇၅)သန်း၊ မြေသားလမ်း (၄)မိုင်နဲ့(၂)ဖာလုံ ရေပြွန်(၁၁၅)ပေ တို့ကို ခွင့်ပြုထားတာ ဖြစ်ပါတယ်။

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ မေးမြန်းထားတဲ့ ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာနဲ့ တမံကြီးကျေးရွာလမ်း ဆက်သွယ်တဲ့လမ်းကို ၂၀၁၄-၂၀၁၅ ရန်ပုံငွေမှာ မြေသားလမ်း အနေနဲ့ ခွင့်ပြုထားပါတယ်။ အဆင့်မြှင့်တင်ဖို့အတွက်တော့ ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ လာမယ့်နှစ်မှာ ဦးစားပေးအစီအစဉ်မှာ တင်ပြတောင်းခံသွားမှာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ

ခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဥ် ပြင်ဆင်ချက်-

နိုင်ငံတကာ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဥ် ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဥ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၁

ဤဥပဒေကို နိုင်ငံတကာ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဥ်ပစ္စည်းကိရိယာများ ဆိုင်ရာ ဥပဒေ ဟုခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂(ခ)(ဃ)(င) (စ)(ဋ)(ဌ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(ခ) ပရိုတိုကောလ်ဆိုသည်မှာ ကွန်ဗင်းရှင်း၏ လေယာဉ် ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ပရိုတိုကောလ်ကိုဆိုသည်။

(ဃ) ဒုတိယဇယား ဆိုသည်မှာ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(င) ကြေညာချက် ဆိုသည်မှာ ကွန်ဗင်းရှင်းအရ ဖြစ်စေ၊ ပရိုတိုကောလ်အရဖြစ်စေ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) လေယာဉ်ပစ္စည်းကိရိယာများ ဆိုသည်မှာ ပရိုတိုကောလ်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ်အင်ဂျင်များ နှင့် ရဟတ်ယာဉ်များကို ဆိုသည်။

(ဋ) ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ(၁)အရ ကွန်ဗင်းရှင်းနှင့်ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဌ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၂) အရ ကွန်ဗင်းရှင်းနှင့် ပရိုတိုကောလ်တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ခန့်အပ်တာဝန်ပေးခြင်းခံရသော အရာရှိကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ခ)(ဃ)(င)(စ) (ဋ)(ဌ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)(ဃ)(င) (စ)(ဋ)(ဌ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၃

ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည် ပြုချက်ဖြင့် ကွန်ဗင်းရှင်း သို့မဟုတ် ပရိုတိုကောလ်နှင့်အညီ ပြုလုပ်ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များအရ ပထမ ဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက် များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာ သက်ရောက်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၄(က)

၄။(က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ ပရိုတိုကောလ်ကို ဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့် အချိန်တွင် ထိုကွန်ဗင်းရှင်း သို့မဟုတ် ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြေညာချက်များ ထုတ်ပြန် နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၇

ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့်မှတ်ပုံတင် အရာရှိတို့သည် ကွန်ဗင်းရှင်းနှင့် ပရိုတိုကောလ်တို့ပါ အထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိစေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၈

တည်ဆဲဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပထမဇယားနှင့် ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်း နှင့် ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၁၀

သက်ဆိုင်ရာ တရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီ ပေးဆပ်ရမည့်သူအပေါ် သက်သာခွင့်တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ တည်ဆဲမြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် လူမွဲအဖြစ် ခံယူခြင်း

အက်ဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဖြစ်စေ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်း ခံရသည့် အခါတွင်ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်းနှင့် ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၁၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော်ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၂:၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]